# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### စိုးရိမ်ကြောင့်ကြမှုမရှိ

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 24 August 2017 (၉၀၂၆)

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ ကိုယ်ရေးအကျဉ်း



စာမျက်နှာ » ၃

## ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် တွေ့ဆုံ အပြီးသတ်အစီရင်ခံစာဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

စာမျက်နှာ » ၈

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာသည် အစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များအပေါ် မြန်မာနိုင်ငံ၏ ရေရှည်အမျိုးသားအကျိုးစီးပွားကို မျှော်မှန်းလျက် နိုင်ငံတော်၏ ဥပဒေ၊ မူဝါဒများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေးအပါအဝင်

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❒

## အိန္ဒိယ၏ ပဲတင်သွင်းမှု မူဝါဒအရွေ့နှင့် ပစ္စက္ခ

# မြန်မာ့ပဲလောက၏ ဂယက်



မြန်မာနိုင်ငံ ဒေသအသီးသီးမှ ထွက်ရှိသည့် ပဲအမျိုးမျိုးအား တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၂၃**

အိန္ဒိယအစိုးရက ဩဂုတ် ၅ ရက်တွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ပဲစင်းငုံကို တန်ချိန် နှစ်သိန်းထိသာ ကန့်သတ်တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင်လည်း မတ်ပဲနှင့် ပဲတီစိမ်းကို တန်ချိန် သုံးသိန်းအထိသာ တင်သွင်းခွင့်ပြုရန် ကန့်သတ်ခဲ့မှုတို့က မြန်မာ့ပဲဈေးကွက်ကို ကြီးမားသောဂယက်များ ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် ပဲသုံးမျိုးကို ယင်းသို့ ကန့်သတ်ကုန်စည်အဖြစ် ဆုံးဖြတ်ခဲ့မှုကြောင့် ပြည်တွင်းပဲကုန်သည်များလက်ထဲတွင် ပဲစင်းငုံတန်ချိန် တစ်သိန်းနီးပါးခန့်နှင့် မတ်ပဲတန်ချိန် သုံးသိန်းနီးပါးခန့် ကျန်ရှိနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ နှမ်းကုန်သည်များအသင်းမှ သိရသည်။

"ပုံမှန်ပို့နေတဲ့ပဲတွေ အဝယ်ရပ်သွားတယ်။ ရောင်းဝယ်ထားပြီး သင်္ဘောတင်ပို့ထားတဲ့ ပဲတွေကလည်း အိန္ဒိယ ဆိပ်ကမ်းမှာ သင်္ဘောပေါ်က ချရမယ်၊ မချရဘူးဆိုတာ အဖြေက ထွက်မလာသေးဘူး"ဟု မြန်မာနိုင်ငံပဲမျိုးစုံ နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

ပဲစိုက်တောင်သူများအနေဖြင့် မူလစိုက်ပျိုးနေကျအတိုင်း ပဲမျိုးစုံကို ဆောင်းသီးနှံအဖြစ် ယခုနှစ်တွင်လည်း စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံစိုက်ပျိုးမှုမှာ နှစ်လခန့်ရှိခဲ့ပြီး ပဲတီစိမ်းနှင့် မတ်ပဲကိုလည်း စိုက်ပျိုးရန် စီစဉ်လျက်ရှိနေချိန်တွင် အိန္ဒိယက ပဲတင်ပို့မှုကို ယခုကဲ့သို့

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ✪



# ကြေးမုံ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး

နိုင်ငံကို တည်ဆောက်နေသောကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဖော်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသည်။ လက်ရှိနိုင်ငံ၏ ဓနအင်အားနှင့် လူသားအရင်းအမြစ်အနေအထားအရ မိမိနိုင်ငံကို မိမိတို့ဘာသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းတိုးတက်လာအောင် လုပ်ဆောင်မည့်အရေးမှာ မလွယ်ကူလှသေးချေ။ ထို့ကြောင့် တိုးတက်သောနိုင်ငံများနှင့် လက်တွဲလုပ်ဆောင်ကြရမည်ဖြစ်သည်။

အခြားနိုင်ငံများနှင့် လက်တွဲလုပ်ဆောင်နိုင်ရန်အတွက် အရေးကြီးသောအချက်မှာ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည်။ အခြားအချက်မှာ ပြင်ပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် လုပ်နိုင်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ တည်ငြိမ်ပြီးလုံလောက်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ ရင်းနှီးမြှုပ်နှံမည့်နေရာ၊ လူသားအရင်းအမြစ်လိုအပ်မှုတို့ဖြစ်သည်။ အဆိုပါအခြေအနေများအရ လက်ရှိတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ထွန်းသေးချေ။

ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ ရင်းနှီးမြှုပ်နှံသူများအဖို့ အထက်ပါ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်လေ့လာသုံးသပ်ဆောင်ရွက်ကြသည်။ အိမ်ရှင်နိုင်ငံအဖို့ မိမိနိုင်ငံနှင့် မိမိနိုင်ငံသားများ အကျိုးဖြစ်ထွန်းရေး၊ ထိခိုက်နစ်နာမှုမရှိရေးကို ကြည့်ရှုကြသည်။ မည်သို့ပင်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုကို အထူးလိုအပ်နေသည်ဆိုပါလျှင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေးကို ဦးစားပေး ရှေးရှုလုပ်ဆောင်ကြရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထူးလိုအပ်နေပြီး တည်ငြိမ်အေးချမ်းမှသာ ရင်းနှီးမြှုပ်နှံမှုများ အမြောက်အမြား ဝင်ရောက်လာမည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးလုပ်ဆောင်နေပြီး တိုင်းရင်းသားပြည်သူအားလုံးကလည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည့်အရေးအတွက် အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ အထူးသဖြင့် မတည်မငြိမ်ဖြစ်မှု၊ အကြမ်းဖက်မှု၊ တိုက်ခိုက်မှုများ နည်းနိုင်သမျှ လျော့နည်းသွားအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ထို့ကြောင့် အစိုးရက အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးရရှိပါက တစ်နိုင်ငံလုံး ဧကန်မုချဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် အဓိကဖြစ်သည်ကို တိုင်းရင်းသားပြည်သူအားလုံး သိရှိနားလည်သဘောပေါက်နိုင်စေရန် တိုက်တွန်းချင်ပါသည်။ တည်ငြိမ်အေးချမ်းသောနိုင်ငံများမှာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် လုပ်သာကိုင်သာရှိသော တည်တံ့ခိုင်မြဲသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ အမြန်ဆုံး အကောင်အထည်ပေါ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ စိတ်ရင်းစေတနာမှန်စွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများသည် ဥပဒေကို တိကျစွာလိုက်နာကြပြီး ပြင်လွယ်ပြောင်းလွယ်မဖြစ်သော တိကျခိုင်မာသည့်ဥပဒေကို လိုလားကြသည်။ ခိုင်မာသည့်ဥပဒေသည် ယုံကြည်စိတ်ချမှုကို ဖြစ်စေသည်။ လျှပ်စစ်ဓာတ်အားတည်ငြိမ်စွာဖြင့် လုံလောက်စွာရရှိရေးမှာ မြန်မာနိုင်ငံအတွက် အခက်အခဲများ ရှိတန်ကောင်းသော်လည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ဖန်တီးနိုင်သည့်အခွင့်အရေးရှိလျှင် အဆင်ပြေချောမွေ့နိုင်ပေသည်။

လူ့စွမ်းအားအရင်းအမြစ်မှာ မိမိတို့နိုင်ငံသားများအတွက် အကျိုးသာဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများထံမှပင် နိုင်ငံတကာမှ အတတ်ပညာများ လက်ဆင့်ကမ်းအမွေရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများပါ တစ်ပါတည်း ရရှိနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် လိုအပ်သောအချက်များကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ် ၁၈ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် Belt and Road High Level Meeting for Health Cooperation: towards a Health Silk Road အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။




အစည်းအဝေးဖွင့်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာ၊ တရုတ်၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ရိုမေးနီးယားနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ WHO နှင့် UNAIDS အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲတွင် တက်ရောက်လာသောနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများက မိန့်ခွန်းများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကျင်းပသည့် အစည်းအဝေးသည် နိုင်ငံများ၏ ဒေသတွင်း ကျန်းမာရေးဆိုင်ရာလုံခြုံမှု ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် ပိုမိုထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် သဘောတူညီချက်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် China Health Industry Expo ပြပွဲကို ကြည့်ရှုပြီး မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိမည့် စက်ပစ္စည်းများအား အသေးစိတ်လေ့လာ၍ ဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် နေ့လယ်ပိုင်းတွင် Maternal and Child Health and Nutrition: Key to Global Sustainable Health Development ခေါင်းစဉ်ဖြင့် ကျင်းပသည့် Thematic Session သို့ တက်ရောက်ဆွေးနွေးသည်။

ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် Exercise is Medicine ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပွားလျက်ရှိသော H1N1 Seasonal Flu ဖြစ်ပွားမှု ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စရပ်များတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ၊ ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ဆုံးဖြတ်ချက်များအား အဖွဲ့ဝင်နိုင်ငံများမှ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်များအား အရည်အသွေးပြည့်မီစွာ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဝန်ထမ်းများ၏ လက်ရှိ တာဝန်ထမ်းဆောင်မှုလုပ်ငန်းများကို ပြန်လည်ဆန်းစစ်ရန်လုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံများအတွက် အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရပိုင် SINOPHARM Logistic စင်တာသို့သွားရောက်ကာ ကာကွယ်ဆေးများ သိုလှောင်သိမ်းဆည်းထားရှိမှု၊ ဖြန့်ဖြူးပေးပို့ဆောင်ရွက်နေမှုနှင့် Control စင်တာမှ ကြီးကြပ်ဆောင်ရွက်နေမှုများကို လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးဆိုင်ရာ ဘာသာရပ် အသိပညာပေးဆွေးနွေး

**ဗန်းမော် ဩဂုတ် ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် တောင်သူလယ်သမားများအား သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးဆိုင်ရာဘာသာရပ် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲက ဗန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး စိုက်ပျိုးပညာပေးသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင့် ပြည်နယ်မြေအသုံးချတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်သင်းခိုင်တို့က ဆွေးနွေးပွဲသို့ တောင်သူ ၄၃ ဦး၊ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များမှ ၁၅ ဦးနှင့် ဝန်ထမ်းများ ၃၀ ဦး တက်ရောက်ပြီး သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးဆိုင်ရာဘာသာရပ်ကို အသိပညာပေးဆွေးနွေးခဲ့ရာ တောင်သူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်(ရွှေဈေး) ၉၂၁၀၀၀ - ၉၂၁၀၀၀ မန္တလေး(ရွှေဈေး) ၉၂၁၀၀၀ - ၉၂၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၇. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃. ၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၈၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၂၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၁၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၈. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၁၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၂. ၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇. ၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်၏ ကိုယ်ရေးအကျဉ်း

မစ္စတာငုယင်ဖူးကျောင့်ကို ၁၉၄၄ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ Dong Hoi ရပ်ကွက်၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး နိုင်ငံရေးဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကို ရရှိခဲ့ပါသည်။

မစ္စတာငုယင်ဖူးကျောင့်သည် ၁၉၆၇ ခုနှစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီသို့ စတင်ဝင်ရောက်ခဲ့ပြီး Communist Review ၌ အရာရှိအဖြစ်လည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပါတီတည်ထောင်ဖွဲ့စည်းရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စတာငုယင်ဖူးကျောင့်သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ Communist Review စာတည်းအဖွဲ့ဝင်၊ ဒုတိယစာတည်းမှူးချုပ်၊ စာတည်းမှူးချုပ် အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဟန္နိုင်းပါတီကော်မတီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ နိုင်ငံရေးဗျူရိုသဘောတရားရေးရာ၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်ပညာရေးဆိုင်ရာလုပ်ငန်းများ၏ကြီးကြပ်သူအဖြစ်လည်းကောင်း၊ ထို့နောက် ၂၀၀၁ ခုနှစ်အထိ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာ ငုယင်ဖူးကျောင့်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ဟန္နိုင်းပါတီ ကော်မတီ၏ (၁၂)ကြိမ်၊ (၁၃)ကြိမ်နှင့် (၁၄) ကြိမ် သက်တမ်းအတွင်း အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ထို့ပြင် ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အယူအဆရေးရာလေ့လာရေးဗဟိုကောင်စီ၏ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌနှင့် ပါတီ၏အယူအဆရေးရာလုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၁)ကြိမ်မြောက်နှင့် (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာ ငုယင်ဖူးကျောင့်သည် ၂၀၁၁ ခုနှစ်မှ ယနေ့ အထိ (၁၂)ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ **(သတင်းစဉ်)**



❒ **ရခိုင်ပြည်နယ်မှ**

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အစီအမံများ၊ ပညာရေးကဏ္ဍ၌ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို စနစ်တကျလက်ခံနေမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအစီအမံများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ သတင်းမီဒီယာရယူခွင့်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံပေးအပ်ခဲ့ရာ နိုင်ငံတော်သမ္မတကယခုအစီရင်ခံစာကို အလေးအနက်ထားစဉ်းစားသွားမည်ဖြစ်ကြောင်း၊ အစိုးရ၏ရခိုင်ပြည်နယ်ဆိုင်ရာလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့အချိန်အခါသည် နိုင်ငံတကာအသိုက်အဝန်းနှင့်မိမိတို့နိုင်ငံအကြား ယုံကြည်မှုပိုမိုတိုးမြှင့်ရရှိစေရန် ကြိုးပမ်းနေရသည့် အချိန်ကာလလည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ မိမိတို့နိုင်ငံတွေ့ကြုံရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ပကတိအခြေအနေမှန်ကို ကောင်းစွာနားလည်ပြီး ဝိုင်းဝန်းကူညီပံ့ပိုးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဒေါက်တာဝင်းမြတ်အေး၊ အမြဲတမ်းအတွင်းဝန်ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yuan Guirenနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❒

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

## အကြမ်းဖက်မှုတိုက်ဖျက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စကားဝိုင်း ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက သဘာပတိအဖြစ် ကြီးမှူးဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ဒေသတွင်း၌ ဘာသာရေးအစွန်းရောက်မှုနှင့် အကြမ်းဖက်မှုအန္တရာယ်မြင့်မားလာသည့်အခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအစိုးရဘက်မှ နယ်စပ်ရေးရာဝန်ကြီးဌာန



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားအကြမ်းဖက်မှုတိုက်ဖျက်ရေးအေဂျင်စီနှင့် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဧရာဝတီ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃။** ။ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်ပေခန့်နှင့် ညောင်ဦးမြို့တွင် သုံးပေခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့်ညောင်ဦးမြို့တို့တွင် သုံးလက်မခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း နှစ်ပေခန့်ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **(ကြေးမုံ)**

# တရုတ်နိုင်ငံအရှေ့တောင်ပိုင်း၌ ငါးနှစ်အတွင်း အင်အားအပြင်းထန်ဆုံးသော တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်

**ကွေ့ကျိုး ဩဂုတ် ၂၃**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း၌ ငါးနှစ်အတွင်း အပြင်းထန်ဆုံး တိုက်ခတ်သော မုန်တိုင်းဖြစ်သည့် ဟတ်တို (Hato)အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက မကာအိုနှင့် ဟောင်ကောင်ဒေသတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဟောင်ကောင်၌ ရုံးများနှင့် ကျောင်းများ ပိတ်ထားခဲ့ရပြီး လူသုံးဦးသေဆုံးရကြောင်း၊ လေယာဉ်ခရီးစဉ်များလည်း ဖျက်သိမ်းလိုက်ရကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အင်အားပြင်းထန်သော ဟတ်တိုမုန်တိုင်း သည် ဩဂုတ် ၂၃ ရက် မွန်းတည့်ဝန်းကျင်တွင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကွမ်တုံပြည်နယ် ကျူဟိုင်မြို့တွင် လေတိုက်နှုန်း တစ်စက္ကန့်လျှင် ၄၅ မီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သည်။ ကျူဟိုင်မြို့သည် ပုလဲမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိသည်။

ယခုနှစ်၏ ၁၃ ကြိမ်မြောက် မုန်တိုင်းဖြစ်သော ဟတ်တို တိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားသွားခဲ့ပြီးနောက် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဩဂုတ် ၂၃ ရက် ညပိုင်းတွင် အပူပိုင်းမုန်တိုင်းအဖြစ် ရောက်ရှိကာ တဖြည်းဖြည်း အားပျော့ပျက်ပြယ်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ကွမ်တုန်၊ ကွမ်ရှီးနှင့် ဟိုင်နန် ကမ်းရိုးတန်းဒေသများ၌ မုန်တိုင်းဒဏ်ကို တွေ့ကြုံခံစားခဲ့ကြရသည်။

မုန်တိုင်း တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ကွမ်တုန်နှင့် ကွမ်ရှီးတို့တွင် မိုးရေချိန် ၂၅၀ မှ ၃၀၀ မီလီမီတာ အထိရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း မကာအို ဒေသန္တရအစိုးရအဖွဲ့ ပြန်ကြားရေးဗျူရိုက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်ခြင်း မရှိမီတွင် ပင်လယ်ကမ်းရိုးတန်းဒေသ၌ နေထိုင်ကြသော ပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

တရုတ်နိုင်ငံ၏ ဘဏ္ဍာရေး အချက်အချာတည်ရာ ဟောင်ကောင်၌ စီးပွားရေးလုပ်ငန်းများ၊ စတော့ရှယ်ယာဈေးကွက်၊ အစိုးရရုံးများနှင့် စာသင်ကျောင်းများကို ခေတ္တပိတ်ထားခဲ့ရသည်။ လေကြောင်းဌာနများက လေကြောင်းခရီးစဉ် ၄၅၀ အထိ ဖျက်သိမ်းခဲ့ရပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။





**ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ရထားတစ်စင်းလမ်းချော်၊ ခရီးသည် ၇၀ ကျော် ဒဏ်ရာရ

**နယူးဒေလီ ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဩဂုတ် ၂၃ ရက် နံနက် အစောပိုင်းက ခရီးသည်တင် ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၇၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် အဇမ်ဂါးမြို့မှ အိန္ဒိယနိုင်ငံ မြို့တော်ဒေလီသို့ ပြေးဆွဲပေးသော ကေဖီယက်အမြန်ရထားလိုင်းမှ ရထားတွဲ ၁၀ တွဲပါ ခရီးသည်တင် အမြန်ရထားသည် ဒေလီမြို့သို့ ဦးတည်ကာ ခုတ်မောင်းလာစဉ် ပြည်နယ်မြို့တော် လက်ခနောင်းမှ ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ အူရိုင်ရာခရိုင်အတွင်း လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ ယင်းမတော်တဆမှုနှင့် ပတ်သက်၍ အသေအပျောက်စာရင်း မရရှိသေးပေ။

ရထားတွဲ ကိုးတွဲ လမ်းချော်တိမ်းမှောက်ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို အခင်းဖြစ်ရာနေရာနှင့် အနီးတစ်ဝိုက်ရှိ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်အစိုးရ အထက်တန်းအရာရှိ ဟာမင်းကူးမာက ပြောကြားသည်။

ဒေလီ-ဟောင်ရာ ရထားလမ်းပိုင်းရှိ အူရိုင်ရာခရိုင်အတွင်း ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သဲများတင်ဆောင်လာသည့် ထရပ်ကားတစ်စီးနှင့် တိုက်မိပြီးနောက် ရထားလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားလမ်းချော်မှု ဖြစ်ပွားပြီးနောက် ပြည်နယ်တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။


ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အိန္ဒိယအစိုးရ ရထားလုပ်ငန်းဝန်ကြီး ဘူရတ်သရာဘူက ပြောကြားသည်။

အဆိုပါရထားလမ်းချော်မှုဖြစ်ပွားခဲ့ခြင်းကြောင့် မြို့တော်ဒေလီနှင့် ဟောင်ရာ ရထားလမ်းကြောင်းတွင် ခုတ်မောင်းသွားလာသည့် ရထားအစင်း ၄၀ ကို လမ်းကြောင်းပြောင်းပေးခဲ့ရပြီး ရထားခရီးစဉ် ခုနစ်ခုကို ဖျက်သိမ်းခဲ့ရသည်။

**ဆင်ဟွာ။**



# အမေရိကန် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ပ် အူကွိုင်းအား ရာထူးမှ ဖယ်ရှား



**ဝါရှင်တန် ဩဂုတ် ၂၃**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ယူကိုဆူကာမြို့ရှိ အမေရိကန် ရေတပ်သင်္ဘောတပ်စု(၇)၏ အကြီးအကဲ တာဝန်ယူထားရသော ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ပ် အူကွိုင်းအား ရာထူးမှ ဖြုတ်ချလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ပ် အူကွိုင်းအား ရာထူးမှ ဖြုတ်ချခြင်းသည် အမေရိကန် စစ်သင်္ဘောများ ပင်လယ်ပြင်အတွင်း မတော်တဆမှုများဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်ကြောင်း သိရသည်။ မတော်တဆမှုများကြောင့် သင်္ဘောသားအများအပြား သေဆုံးခဲ့ရသည်။

ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ပ် အူကွိုင်းသည် ၎င်း၏ ရေတပ်သင်္ဘောတပ်စုအား ထိန်းချုပ်ကွပ်ကဲရန် ယုံကြည်မှုလျော့နည်းခဲ့ခြင်းကြောင့် ရာထူးမှဖြုတ်ချခံရခြင်း ဖြစ်သည်ဟု ဟာဝိုင်ယီကျွန်းရှိ အမေရိကန်ပစိဖိတ်သင်္ဘောတပ်စုက ဩဂုတ် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ရေတပ်ဗိုလ်ချုပ် ဖီးလစ် ဆော်ရာသည် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရပြီး ရေတပ်သင်္ဘောတပ်စု (၇)ကို ကိုင်တွယ်ထိန်းချုပ်ကွပ်ကဲရမည်ဖြစ်သည်။

ရေတပ်သင်္ဘော တပ်စု(၇)၏ The Aegis ဖျက်သင်္ဘော USS John S. McCain သည် ရေနံတင်သင်္ဘောတစ်စင်းနှင့် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူကမ်းလွန်ပြင်၌ တိုက်မိခဲ့သည့်အတွက် သင်္ဘောသား ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများက ပျောက်ဆုံးလျက်ရှိသူများကို ရှာဖွေလျက်ရှိသည်။ သို့သော် သင်္ဘောနှစ်စင်း တိုက်မိခဲ့ခြင်း၏ အကြောင်းရင်းခံကို စုံစမ်းလျက်ရှိသည်။

ဇွန်လအတွင်းကလည်း ရေတပ်သင်္ဘောတပ်စု(၇)၏ ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် the USS Fitzgerald သည် ဂျပန်ကမ်းလွန်ပြင်တွင် ကုန်တင်သင်္ဘောတစ်စင်းနှင့် ဝင်တိုက်မိခဲ့ရာ သင်္ဘောသား ခုနှစ်ဦး သေဆုံးခဲ့ရကြောင်းသိရသည်။ ယင်းမတော်တဆမှုနှစ်ခုစလုံးသည် အာရှ-ပစိဖိတ်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရေတပ်ဖွဲ့က ရေတပ်သင်္ဘောတပ်စု (၇)၏ ကမ္ဘာအဝန်း လုပ်ငန်းဆောင်ရွက်ချက်များကို လုံခြုံစိတ်ချမှုပိုမိုရှိစေရေးအတွက် ယာယီရပ်တန့်ရန် အမိန့်စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ရေတပ်သင်္ဘောတပ်စု(၇)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သင်္ဘောသားများ အရည်အချင်း ပြန်လည်မြှင့်တင်ရန်နှင့် စက်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှုများ ပြန်လည်လုပ်ဆောင်မည်ဟု အမေရိကန်ရေတပ်ဖွဲ့က ဆိုသည်။

ယခုကဲ့သို့ ရေတပ်သင်္ဘောတပ်စု (၇)၏ မတော်တဆမှုများဖြစ်ပွားရခြင်းသည် ကာကွယ်ရေးကဏ္ဍသုံးစွဲငွေ ပမာဏကို လျှော့ချခဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း အမေရိကန်ပြည်သူအချို့က ယုံကြည်ကြသည်။ ရေတပ်သင်္ဘောများအနေဖြင့် မြောက်ကိုရီးယား၏ ချူကလီးယားတိုက်ချင်းပစ်ဒုံးကျည် ပစ်လွှတ်စမ်းသပ်မှုအပါအဝင် တရုတ်နိုင်ငံ၏ရေတပ်အင်အားဖြည့်တင်းမှုကဲ့သို့သော ဒေသတွင်း အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်ရသည်။ အမေရိကန်ရေတပ်ဖွဲ့က ၎င်း၏ စုံစမ်းစစ်ဆေးမှုများတွင် အဆိုပါ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစား မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အီရန်၌ အိုင်အေအီးအေက ကွင်းဆင်းစစ်ဆေးရန် ရှိ၊ မရှိ အမေရိကန် သိရှိလိုသည်ဟု သံအမတ်ကြီး ဟယ်လီပြော

**ကုလသမဂ္ဂ ဩဂုတ် ၂၃**

၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်တစ်ရပ်ကို အီရန်နိုင်ငံက လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရေးအတွက် ယင်းနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ နေရာများကို ကုလသမဂ္ဂ အဏုမြူလေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းက ကွင်းဆင်းစစ်ဆေးမည့် အစီအစဉ် အကောင်အထည်ဖော်ရန်ရှိ၊ မရှိ အမေရိကန်ပြည်ထောင်စုက သိရှိလိုကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟယ်လီက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

သံအမတ်ကြီး ဟယ်လီသည် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) တာဝန်ရှိသူများနှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဩဂုတ် ၂၃ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။ အရေးယူပိတ်ဆို့မှု အများစုကို ပြန်လည်ရုပ်သိမ်းပေးခြင်းအတွက် အပြန်အလှန်အားဖြင့် အီရန်နိုင်ငံက ယင်း၏ နျူကလီးယား အစီအစဉ်ကို ထိန်းချုပ်ကန့်သတ်ပေးရန် အနောက်အုပ်စု အင်အားကြီး နိုင်ငံများနှင့် ၂၀၁၅ ခုနှစ်တွင် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် ယခုအခါ အဆိုပါ သဘောတူညီချက်ကို ပြန်လည်သုံးသပ်လျက်ရှိနေချိန်တွင် ဟယ်လီက အချက်အလက်ရှာဖွေရေး ခရီးစဉ်အဖြစ် ဗီယင်နာသို့သွားရောက်ခြင်းဖြစ်သည် ဆို၏။

အီရန်နိုင်ငံ၏ အတိတ်ကာလ အပြုအမူကို ကြည့်လျှင် စစ်ဘက်ဆိုင်ရာ နေရာများ၊ တက္ကသိုလ်များ စသည်တို့တွင် နျူကလီးယား သုတေသနလုပ်ငန်းကို ခိုးကြောင်ခိုးဝှက် လုပ်ဆောင်ခဲ့ခြင်းကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ဖော်ပြပါ နေရာများတွင် နျူကလီးယား သုတေသနလုပ်ငန်းကို ယခုထက်တိုင်အောင် ဆက်လက်လုပ်ဆောင်နေခြင်း ရှိ၊ မရှိ မိမိတို့ သိရှိလိုကြောင်း သံအမတ်ကြီး ဟယ်လီက ဩဂုတ် ၂၂ ရက်တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မိမိသည် ဗီယင်နာသို့ သွားရောက်ရခြင်းမှာ မေးခွန်းများ မေးမြန်းနိုင်ရန်ဖြစ်ပြီး အိုင်အေအီးအေအား တစ်စုံတစ်ရာ လုပ်ဆောင်စေရန် ဖိအားပေးတောင်းဆိုလို၍ မဟုတ်ကြောင်း ဟယ်လီက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံမည့် အစီအစဉ်နှင့် ပတ်သက်၍ အိုင်အေအီးအေက ကြေညာချက် ထုတ်ပြန်ခြင်းမရှိသကဲ့သို့ ယင်းအဖွဲ့အစည်း၏ ပြောရေးဆိုခွင့် ရှိသူက လောလောဆယ် မှတ်ချက်ပေးပြောဆိုခြင်း မရှိပေ။

**ရိုက်တာ။**

# ကျိုးပေါက်ခဲ့ရတဲ့ အနောက်တံခါးကို တိုင်းရင်းသားတွေ စုစည်းနေထိုင်တဲ့ စည်းလုံးမှုအားနဲ့ ပြန်ပိတ်ရမှာဖြစ်

**နေပြည်တော် ဩဂုတ် ၂၃**

**ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း**အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက "ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီပြဿနာကို ဖြေရှင်းတဲ့အခါမှာ ဌာနေရခိုင်တိုင်းရင်းသားတွေ ပါဝင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ယခုဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေဟာ နယ်မြေရယူလိုမှုနဲ့ တိုင်းရင်းသားဖြစ်လိုမှု ကြိုးပမ်းရာက နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာနေတာဖြစ်ပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ရခိုင်ပြည်သူတွေ တစ်ချိန်လုံးတောင်းဆိုနေခဲ့တဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပါအတိုင်း စိစစ်ပေးပါလို့ တောင်းဆိုခဲ့သော်လည်း တစ်ဖက်က စိစစ်မခံတဲ့အတွက် ရခိုင်ပြည်နယ်အထဲမှာပဲ ပိတ်လှောင်ပြီး ခရီးသွားလာခွင့်ကိုပါ ကန့်သတ်ထားရပါတယ်။ အကြမ်းဖက်အဖွဲ့တွေကို အလျင်အမြန်ဖော်ထုတ်ပြီး အကြမ်းဖက်ဥပဒေအရ အရေးယူဆောင်ရွက်ပေးရေး၊ နယ်စပ်ဖြတ်ကျော်သွားလာမှုကို ထိရောက်စွာတားဆီးနိုင်ပေးရေး၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ လူဦးရေတိုးပွားမှုထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးနဲ့ အဆိုပါဒေသရှိ လူနည်းစုတိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်ကာကွယ်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားကျေးရွာတွေမှာ ရပ်ရွာကာကွယ်ရေးတပ်ဖွဲ့စည်းပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းပါတယ်"ဟု ဆွေးနွေးသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်းက "UN နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ နိုင်ငံတကာက စီးဝင်တဲ့ အလှူငွေတွေအပေါ်မှာ အခြေခံပြီး လှုပ်ရှားနေကြရတာဖြစ်ပါတယ်။ အလှူငွေများများထည့်ပေးတဲ့ နိုင်ငံတွေရဲ့ လွှမ်းမိုးမှု၊ ချုပ်ကိုင်မှုတွေနဲ့ သွားနေကြရတာ အမှန်ပါပဲ။ ရခိုင်ပြည်မှာ နှစ်ပေါင်းများစွာ အခြေချလုပ်ကိုင်လာခဲ့ကြတဲ့ UN နဲ့ INGO တွေရဲ့ လှုပ်ရှားမှုတွေက ဒါကိုအထင်အရှား သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ ကယ်ဆယ်ရေးပေးပါတယ်ဆိုတဲ့ UN အဖွဲ့အစည်းနဲ့ဘာမှမဆိုင်တဲ့ လက်နက်ခဲယမ်းတွေကို UN က ဝန်ထမ်းတွေနဲ့အတူ ဘူးသီးတောင်မှာ ဖမ်းမိခဲ့တာ အားလုံးသိပြီးသားဖြစ်မှာပါ"ဟု ဆွေးနွေးသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက "မူလက ဘင်္ဂါလီအကြမ်းဖက်တွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားဝင်ထူထောင်နိုင်ဖို့အတွက်၊ တိုင်းရင်းသားတစ်ခုအဖြစ် အသိအမှတ်ခံရဖို့အတွက် လူ့အခွင့်အရေးကို အရေခြုံပြီးတော့ ပြည်တွင်းပြည်ပမှာ လှုပ်ရှားခဲ့ကြပါတယ်။ နိုင်ငံတကာစင်မြင့်မှာ သနားစရာအကောင်းဆုံး နိုင်ငံမဲ့လူသားတွေအဖြစ် ပုံဖော်ခဲ့ပါတယ်။ UN အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အနောက်ကမ္ဘာကို သူတို့အပေါ် နားလည်အောင် အယုံသွင်းနိုင်ခဲ့ပါတယ်။ ကျောထောက်နောက်ခံ OIC အဖွဲ့ကြီးရဲ့ ဓနအင်အားကိုသုံးပြီး နိုင်ငံတကာ မီဒီယာကြီးတွေကို လက်ကိုင်တုတ်လုပ်ခဲ့ပါတယ်။

အစိုးရသစ်လက်ထက်မှာ အဲ့ဒီလူတွေဟာ ဇာတ်ရှိန်ပိုမြင့်လာပြီးတော့ အကြမ်းဖက်ဝါဒပုံစံကိုပြောင်းသွားပါပြီ။ နိုင်ငံတိုင်းကစိုးရိမ်ရတဲ့ နိုင်ငံတကာ အကြမ်းဖက်ကွန်ရက်တွေနဲ့ ချိတ်ဆက်နေပါပြီ။ လုံခြုံရေးတပ်ဖွဲ့တွေကို ပုန်းခိုတိုက်ခိုက်တာ၊ အစိုးရနဲ့ပူးပေါင်းတဲ့ ဒေသခံတွေကိုသတ်ဖြတ်တာ၊ အပြစ်မဲ့သူတွေကို ရက်ရက်စက်စက် သတ်ပြတာ၊ အခြေခံပြောက်ကျားစခန်းတွေမထားဘဲ ရွာထဲမှာ လူတောထဲမှာနေတာ စတာတွေဟာ ထိုင်းနိုင်ငံတောင်ပိုင်းက နည်းဗျူဟာတွေနဲ့တူနေပါတယ်။ ရခိုင်အရေးဟာ တိုင်းရင်းသားတွေရဲ့ ဘဝလုံခြုံရေးပြဿနာ၊ တရားဥပဒေစိုးမိုးရေးပြဿနာကို ကျော်လွန်ပြီးတော့ အမျိုးသားလုံခြုံရေးပြဿနာ၊ အချုပ်အခြာပြဿနာဖြစ်လာပါပြီ"ဟု ဆွေးနွေးသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က "နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို လေ့လာကြည့်ရင် ဒေသခံတိုင်းရင်းသားတွေရဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွေဖြစ်တဲ့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်က ဒေသခံတိုင်းရင်းသားတွေ နေထိုင်တဲ့ ကျေးရွာတွေကိုစုစည်းပြီး တိုင်းရင်းသား စံပြကျေးရွာတွေ တည်ဆောက်ပေးဖို့ စီစဉ်နေတယ်လို့သိရပါတယ်။ အဲဒီကျေးရွာတွေကို လျှပ်စစ်မီးနဲ့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေဖို့ မြေပြင်တိုင်းတာ စစ်ဆေးမှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါဟာနယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံတိုင်းရင်းသားတွေ စုစည်းနေထိုင်ဖို့နဲ့ အကြမ်းဖက်မှုတွေကို ကာကွယ်ဖို့အစီအစဉ်ကောင်းတစ်ခု ဖြစ်ပါတယ်။ ပြည်သူတွေကလည်း နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ပူးပေါင်းပါဝင်ကြရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် တရားဥပဒေစိုးမိုးမှု အားနည်းခဲ့လို့ ကျိုးပေါက်ခဲ့ရတဲ့ အနောက်တံခါးကို တိုင်းရင်းသားတွေ စုစည်းနေထိုင်တဲ့ စည်းလုံးမှုအားနဲ့ ပြန်ပိတ်ရမှာဖြစ်ပါတယ်"ဟု ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆွေးနွေးခဲ့ကြသည်။



**ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ**



**မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော**

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့မည်မျှရှိပါသနည်း၊ ယင်းအသင်းပိုင် ငွေကြေးနှင့် ပစ္စည်းစာရင်းများကို မည်သည့်အဖွဲ့က တာဝန်ယူ၍ မည်သို့မည်ပုံ စိစစ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ဂ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ တစ်နိုင်ငံလုံးတွင် အသင်းအဖွဲ့ပေါင်း ၃၀၂၃ သင်း မှတ်ပုံတင်ထားရှိပါကြောင်း၊ အသင်းအဖွဲ့များပိုင် ငွေကြေးနှင့် ပစ္စည်းစာရင်းများနှင့်ပတ်သက်၍ တာဝန်ယူစစ်ဆေးရမည့် အဖွဲ့အစည်းကို ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိပါကြောင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့များအနေဖြင့် မူလရည်ရွယ်ချက်လုပ်ငန်းစဉ်များမှ သွေဖည်၍ တရားမဝင်ငွေကြေးပိုင်းဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းများရှိပါက နစ်နာသူများအနေဖြင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✱**

# ပင်လယ်ပြင်ရှိ ကမ်းဝေး၊ ကမ်းနီး ငါးဖမ်းရေယာဉ်များအား ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဆေးကြပ်မတ်မှုဖြင့် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဗိုလ်မှူးကြီး အောင်လွင်၊ ဗိုလ်မှူးကြီးကျော်ကျော်၊ ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ ဗိုလ်မှူးကြီးထိန်လင်း၊ ဗိုလ်မှူးကြီးတင်အောင်ထွန်းနှင့် ဗိုလ်မှူးကြီးစိုးမိုးအောင်တို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံ ကတိသစ္စာပြုကြသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၏ **လွိုင်ကော်မြို့နယ်အတွင်းရှိ မိုင်းလုံးရပ်ကွက်မှ ဒီးမော့ဆိုမြို့နယ် စည်းလင်းကျေးရွာအထိ ၆ ဒသမ ၈ မိုင်ရှည် လျားသော လယ်ယာကုန်ထုတ်လမ်းနှင့် ၎င်းလမ်းအပိုင်းတွင်ရှိသော ကွန်ကရစ်တံတား ၂ စင်းသည် ပျက်စီးနေပါသဖြင့် အဆင့်မီကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်မှ ဒီးမော့ဆိုမြို့နယ် စည်းလင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်း ၇ ဒသမ ၀၆ မိုင်အနက်မှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လမ်းပိုင်းတွင် ပါဝင်သော မိုင်းလုံး-မြောင်းခွ ၃ ဒသမ ၆၇၃ မိုင်အတွက် ရန်ပုံငွေကျပ် ၇၆၄ သန်းအား ၂၀၁၈-၂၀၁၉ ပြည်နယ်ရန်ပုံငွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လမ်းပိုင်းတွင်ပါဝင်သော မိုင်းလုံး-စည်းလင်း ၀ ဒသမ ၂၂၇ မိုင်နှင့် မြောင်းခွ-စည်းလင်း ၃ ဒသမ ၁၆ မိုင်အတွက် ရန်ပုံငွေ ၆၆၃ ဒသမ ၅၀ သန်းအား ၂၀၁၈-၂၀၁၉ ပြည်ထောင်စုရန်ပုံငွေတို့တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ဆက်လက်တင်ပို့ရောင်းချနိုင်ရေးအတွက် ဥပဒေနှင့်မညီသော လုပ်ငန်းအစီရင်ခံစာ သတင်းပေးပို့ခြင်း မရှိသော၊ နည်းစနစ်တကျမရှိသော စည်းကမ်းပျက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်း [Illegal Unreported and Unregulated(IUU) Fishing] မဖြစ်အောင် ပြည်ထောင်စုအစိုးရအနေဖြင့် (IUU)နှင့်ပတ်သက်ပြီး မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးဖမ်းရေယာဉ် စစ်ဆေးရေးစခန်းများတွင်သာ တရားဝင်မှတ်ပုံတင်ထားသည့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ မထွက်ခွာမီစစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်ပြီး ပင်လယ်ပြင်ရှိ ကမ်းဝေး၊ ကမ်းနီး ငါးဖမ်းရေယာဉ်များအား ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဆေးကြပ်မတ်မှုဖြင့် ဆောင်ရွက်ပါကြောင်း။



**တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း**



**ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေး**

တရားမဝင် ငါးဖမ်းဆီးမှုများအား ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များတွင် ဂြိုဟ်တုစနစ်သုံး ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာများကို တပ်ဆင်အသုံးပြုထိန်းချုပ်လျက်ရှိပြီး ပြည်တွင်းငါးဖမ်းရေယာဉ်များတွင် တပ်ဆင်နိုင်ရေးအတွက် စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှုအား French Development Agency(AFD)မှ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး နည်းပညာနှင့် ငွေကြေးအကူအညီရယူနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်မမလေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာ အားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က အကြံပြုဆွေးနွေးကြသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး**က ငါးလုပ်ငန်းကဏ္ဍတိုးတက်ရန် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်မရှိဘဲ တိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း၊ ရေချိုရေငန် ငါးပုစွန်သားဖောက်နည်းပညာ၊ အစာအာဟာရဆိုင်ရာ ထုတ်လုပ်မှုပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ခြင်းများ၊ စနစ်တကျမွေးမြူနိုင်သည့် နည်းပညာစသော ပညာရပ်များကို သင်ကြားပေးနိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်တစ်ခုလိုအပ်နေပါကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝကပေးသည့် သယံဇာတအရင်းအမြစ်များပူးပေါင်း၍ ငါးလုပ်ငန်းကဏ္ဍ တိုးတက်စေရန် တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန်အဆိုကို ထောက်ခံပါကြောင်း အကြံပြုဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(၄၉)ရက်မြောက်နေ့ကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သူရဇော်)**

✱ စာမျက်နှာ ၅ မှ
မှော်ဘီမြဲဆန္ဒနယ်မှ ဦးအောင်ဝင်း၏ **မြေသိမ်းပိုက်မှုခံရခြင်းနှင့် ပတ်သက်၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း မူလသိမ်းပိုက်ထားသူများမှ သိမ်းပိုက်ခံရသည့် လယ်သမားများအား တရားရုံးများတွင် တရားစွဲဆိုနေခြင်းကိစ္စနှင့် ပတ်သက်၍ လိုအပ်သလို ဆောင်ရွက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း တရားရုံးများ၌ တရားစွဲဆိုခြင်း မပြုရန်နှင့် တရားစွဲဆိုထားသော အမှုများကို ဆိုင်းငံ့ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် လှိုင်လင်မြဲဆန္ဒနယ်မှ ဦးခင်မောင်သိ၊ မြန်အောင်မြဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ ဆင်ပေါင်ဝဲမြဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ လားရှိုးမြဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပုသိမ်ကြီးမြဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းတို့၏ ပညာရေးနှင့်ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ဖြေကြားခဲ့ကြသည်။

**ကျော်သူထက် (သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်အဖွဲ့များအား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် International Republican Institute (IRI) မှ Senior Advisor ဖြစ်သူ Johanna Kao နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင်လည်းကောင်း**(အပေါ်ပုံ)**၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Yuan Guiren နှင့်အဖွဲ့အား မွန်းလွဲ ၂နာရီ မိနစ် ၄၀ တွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

International Republican Institute (IRI) မှ Senior Advisor ဖြစ်သူ Johanna Kao နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ International Republican Institute (IRI) ၏ ဖွဲ့စည်းမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလအတွင်း IRI ၏ ပူးပေါင်းဆောင်ရွက်မှု၊ လူထုစစ်တမ်းကောက်ယူမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံလွှတ်တော်များဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းထားမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ၏ ဖွဲ့စည်းမှု၊ ကော်မတီများ ဖွဲ့စည်းထားမှု၊ ဥပဒေပြုရေး၊ နိုင်ငံရေး၊ စီမံအုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပထမဆုံးအကြိမ် Video Conferencing Meeting ပြုလုပ် တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်တာများအား တိုက်ရိုက်တင်ပြနိုင်

**မကွေး ဩဂုတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုတို့ ပထမဆုံးအကြိမ်အဖြစ် Video Conferencing Meeting ကို ယနေ့နံနက် ၁၀ နာရီခန့်က ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်တာများကို တိုက်ရိုက်တင်ပြနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Conferencing လုပ်တယ်။ ဗီဒီယိုနဲ့ အမေးအဖြေလုပ်တာပေါ့ အွန်လိုင်းမှာ။ ဒီနေ့ကျတော့ စစ်ကိုင်းတိုင်းဒေသကြီးရယ်၊ မကွေးတိုင်းဒေသကြီးရယ်၊ မန္တလေးတိုင်းဒေသကြီးရယ် လုပ်တယ်။ လိုအပ်ချက်တွေကို တင်ပြတယ်။ သူက ဘာလုပ်ဆိုပြီးတော့ ညွှန်ကြားတယ်။ မကွေးတိုင်းဒေသကြီးနဲ့ ပတ်သက်ပြီး တင်ပြတာက ငါးခုရှိတယ်" ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ၎င်း၏ ရုံးခန်း၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ရှင်းပြသည်။

တင်ပြခဲ့သည့် အချက်ငါးချက်တွင် မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်နေသော အလျားမိုင် ၂၀၊အနံ သုံးမိုင်ခန့်ရှိ အလွန်အလားအလာကောင်းမွန်သော ရေနံမြေတစ်ခုကိုတွေ့ရှိထားခြင်းကိစ္စ၊ မြေသိမ်းထားပြီး စီမံကိန်းများအကောင်အထည်မဖော်ခြင်း၊ အကောင်အထည်ဖော်သော်လည်း မအောင်မြင်ခြင်းတို့နှင့်သက်ဆိုင်သည့် သိမ်းမြေများ အမြန်ဆုံးပြန်ပေးနိုင်ရေးကိစ္စ၊ ယခင်တိုင်းဒေသကြီးအစိုးရလက်ထက်မှရရန်ရှိပြီး ပြန်လည်ရရှိခဲ့သော ရေနံလက်ယက်တွင်းတိမ်လုပ်ငန်း ရန်ပုံငွေ သန်းပေါင်း ၃၂၇၀ အား မည်သည့်ကဏ္ဍများတွင် သုံးစွဲသွားရန်လျာထားခြင်းကိစ္စ၊ ကျေးရွာအနှံ့တွင် မော်တော်ဆိုင်ကယ်နှင့် ကားများရှိနေသည့်အပြင် ရေသန့်ဘူးကောက် ဓာတ်ဆီရောင်းရုံဖြင့် ထောင်ကျရသည့် ဘဝမျိုးများ ရှိနေသည့်အတွက် မီနီပန့်ဓာတ်ဆီဆိုင်လေးများ ဖွင့်ခွင့်ပေးရန်ကိစ္စ၊ ချင်းပြည်နယ် ကန်ပက်လက်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်စပ်တွင် အလွန်အလားအလာကောင်းသည့်သတ္တုကြောတွေ့ရှိမှုအတွက် သတ္တုသိုက်ကို သုတေသနပြုနိုင်ရေးကိစ္စတို့ဖြစ်ကြောင်း ဝန်ကြီးချုပ်က ရှင်းပြသည်။

Video Conferencing ဆိုသည်မှာ ဗီဒီယို Call တစ်မျိုးဖြစ်ပြီး Group Chat ကဲ့သို့ ပုံစံမျိုးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ချိတ်ဆက်ထားသည့်လိုင်းမှာ 4M Speed အမြင့်ဆုံးဖြစ်သည့်အတွက် တစ်ကြိမ်မှာ လေးဦးထက်မက ပြောလျှင် အနည်းငယ်ပုံရိပ်ဝါးကြောင်း၊ Central တစ်လိုင်းနှင့် Branch သုံးလိုင်းရှိသည့်အတွက် လေးဦး ပြောလျှင် ကြည်လင်ပြီး e-Government လုပ်ငန်းစဉ်၏ အစလည်းဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**




# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်

**မုံရွာ ဩဂုတ် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများရှိ အသက်(၁၀) နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး၏ကွပ်ကဲမှု၊ မုံရွာခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုတို့ဖြင့် မုံရွာမြို့ ဗန္ဓုလရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (အလုံ)၌ ဩဂုတ် ၂၃ ရက်က ကျောင်းသား ကျောင်းသူ ၂၇၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးယဉ်ထွေးက နိုင်ငံသားစိစစ်ရေးကတ်ပြား၏ သိကောင်းစရာများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ကတ်ပြားများကိုပေးအပ်သည်။

**အေးချမ်း(မုံရွာ)**



**❂ အိန္ဒိယမှ**

ရုတ်တရက်ကန့်သတ်လိုက်သဖြင့် အခက်ကြုံနေမှုများလည်း ရှိကြောင်း သိရသည်။စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကမူ အခြားအစားထိုးသီးနှံစိုက်ပျိုးရန် အဖြေရှာလျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှမ်းကုန်သည်များအသင်းမှ သိရသည်။

"အိန္ဒိယက ပဲတင်သွင်းမှု မူဝါဒသတ်မှတ်လိုက်တယ်။ သတ်မှတ်လိုက်တဲ့အပေါ် ပဲနှမ်းအသင်းကလည်း တင်ပြလာတယ်။ ဒီကိစ္စ တရားဝင်ဟုတ်/မဟုတ် နိုင်ငံခြားရေးဝန်ကြီးဌာနကနေ အကြောင်းကြားပြီး မေးထားတယ်။ အခြေအနေအရပ်ရပ်ကိုလည်း သမ္မတရုံးကို တင်ပြထားတယ်။ ကျွန်တော်တို့ဆီကိုတော့ တရားဝင် စာပို့ထားတာ မရှိဘူး။ အိန္ဒိယဝန်ကြီးချုပ်မိုဒီ မြန်မာနိုင်ငံကို လာမယ့်ခရီးစဉ်မှာလည်း ဒီကိစ္စအတွက် တင်ပြသွားမယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်ကို နှစ်ပေါင်း ၃၀နီးပါး တင်ပို့လျက်ရှိခဲ့သည့်နည်းတူ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံသို့ ဆေးဝါး၊ သကြားနှင့် လယ်ယာသုံးစက်ပစ္စည်းများ တင်ပို့နေသည့် အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြသည်။ ယခုကဲ့သို့ အိန္ဒိယ၏ ပဲတင်ပို့မှု ကန့်သတ်လိုက်ခြင်းအပေါ် မကြာမီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ ခရီးစဉ်အတွင်း ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံ ပဲမျိုးစုံ နှမ်းကုန်သည်များအသင်းက မျှော်လင့်ထားသည်။

"အိန္ဒိယဝန်ကြီးချုပ်မိုဒီ မြန်မာနိုင်ငံကိုလာတဲ့အခါ နောက်တစ်နှစ်အထိ မြန်မာနိုင်ငံက ပဲကိုဝယ်ယူဖို့ တာဝန်ရှိသူတွေက တိုက်တွန်းသွားမယ်လို့ သိရတယ်။ တိုက်တွန်းတာ အောင်မြင်၊ မအောင်မြင်တာကတော့ အိန္ဒိယဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်တယ်"ဟု အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံသို့ နှစ်စဉ်ပဲမျိုးစုံ မက်ထရစ်တန်ချိန် ၁၀ သိန်းကျော် တင်ပို့ခဲ့သည့်အနက် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို မက်ထရစ်တန်ချိန် ကိုးသိန်း၊ တန်ဖိုးအားဖြင့် ကျပ်ငွေ ၁ ဒသမ ၄ ဘီလီယံခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပဲတင်ပို့မှုအပိုင်းတွင် ကနေဒါနိုင်ငံသည် ပထမနေရာတွင် ရှိနေပြီး ဩစတြေးလျနိုင်ငံက ဒုတိယ၊ မြန်မာနိုင်ငံက တတိယအများဆုံး တင်ပို့လျက်ရှိကြသည်။ မြန်မာနိုင်ငံသည် ပဲမျိုးစုံတင်ပို့မှုကို အိန္ဒိယနိုင်ငံအပြင် တရုတ်၊ ဂျပန်၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

"အိန္ဒိယဘက်က တင်ပို့တဲ့ပစ္စည်းကို မြန်မာနိုင်ငံဘက်က လက်ခံပြီး မြန်မာနိုင်ငံဘက်က တင်ပို့တဲ့ပစ္စည်းကို အိန္ဒိယဘက်က လက်မခံဘူးဆိုတော့ ကုန်သွယ်ရေး မညီမျှမှု ဖြစ်တာပေါ့။ နှစ်ပေါင်း ၃၀ နီးပါး တင်ပို့နေတဲ့ပဲကို အကြောင်းမကြားဘဲ ပိတ်လိုက်တဲ့အတွက် ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း စည်းဖောက်ရာလည်း ကျတယ်"ဟု အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ဆိုသည်။အိန္ဒိယနိုင်ငံက ပဲတင်ပို့မှုကန့်သတ်လိုက်ခြင်းကြောင့် ပဲဈေးကွက်အတွင်း မလိုလားအပ်သော ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်၍ အရောင်းအဝယ်ကို ခေတ္တယာယီ ရပ်ဆိုင်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ နှမ်းကုန်သည်များအသင်းမှ သိရသည်။

သို့သော် မန္တလေးမြို့တွင်မူ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့မှုရှိနေသောကြောင့် ပဲမျိုးစုံ အရောင်းအဝယ်များ ပုံမှန်လည်ပတ်လျက်ရှိနေပြီး လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် ထွက်ပေါ်နေသော ပဲလောက ငွေရေးကြေးရေး အရှုပ်အရှင်းများ ဖြစ်ပေါ်နေပြီဟူသည့် သတင်းများကလည်း ကောလာဟလများသာဖြစ်ကြောင်း မန္တလေးမြို့မှ ကုန်သည် ဦးစိုးဝင်းမြင့်က ပြောသည်။ မြန်မာ့ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံတွင် အရှိန်အဟုန်မြင့် ထိုးဖောက်နေရာယူခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီဖြစ် သော်လည်း ယခုကဲ့သို့ ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်မှုကို သင်ခန်းစာရယူပြီး ဈေးကွက်ကို ကျယ်ပြန့်စွာ ဖြန့်ကြက်နိုင်ရန်လည်း ပဲကုန်သည်များက အကြံပြုထားသည်။

**သတင်းဆောင်းပါး - မင်းသစ်(MNA)**

**ဓာတ်ပုံ - ဇော်မင်းလတ်**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ငွေကြေး၏ တန်ဖိုး

**အောင်အောင်(IR)**

> **ငွေမရှိက မျက်နှာငယ်ကြရသည်။ နောက်ဆုံး ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွင် ငွေကြေးက အခရာဖြစ်လာသည်။ နိုင်ငံရေးတွင်ပင် ငွေကြေးပြည့်စုံသူများသည် လူအများ၏ အထင်ကြီးလေးစားမှုကို ခံကြရတတ်. . .**

### လူအများ၏ အထင်ကြီးလေးစားမှုကို ခံကြရ

လောကတွင် ငွေသည် အရေးကြီးပါသည်။ ငွေကြေးထက် အရေးကြီးသည့်အရာများစွာ ရှိသည်ဆိုငြား ငွေမရှိပါက ဘဝတွင် အခက်အခဲများစွာ ကြုံရတတ်သည်။ ငွေကြေးနှင့် ဝယ်ယူမရနိုင်သည့် အရာများစွာ ရှိသည်ဆိုငြားလည်း လက်တွေ့တွင်မူ လူအများသည် ငွေနောက်လိုက်ကြရင်း လူ့ဘောင်ဝန်းကျင်သည် ပိုမို ယိုယွင်းပျက်စီးလာနေသည်။ ယနေ့ခေတ်တွင် လူအများစုမှာ မပြေလည်ကြပါ။ နေ့စဉ် ဝင်ငွေနှင့် ထွက်ငွေကို ချိန်ဆသုံးစွဲနေရသည်။ လင်ယောကျ်ားရော၊ ဇနီးမယားဖြစ်သူပါ အပြင်ထွက် ငွေရှာရသောခေတ်ဖြစ်သည်။ မိဘ ရော၊ သားသမီးပါ အပြင်ထွက် ငွေရှာရသောခေတ်ဖြစ်သည်။ ငွေမရှိက မျက်နှာငယ်ကြရသည်။ နောက်ဆုံး ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွင် ငွေကြေးက အခရာဖြစ်လာသည်။ နိုင်ငံရေးတွင်ပင် ငွေကြေးပြည့်စုံသူများသည် လူအများ၏ အထင်ကြီးလေးစားမှုကို ခံကြရတတ်သည်။

ကျွန်တော့်ဝန်းကျင်တွင် ငွေကြေးအခက်အခဲကြုံသူများကို မကြာခဏ ကြုံတွေ့ဖူးပါသည်။ သူတို့ဘာကြောင့် ငွေကြေးအခက်အခဲကြုံသည်ကို ကျွန်တော် ဂဃနဏ နားမလည်ပါ။ အကြောင်းမှာ ကျွန်တော် ငွေအခက်အခဲ မကြုံတွေ့ဖူးသေး၍ ဖြစ်ပါသည်။ ကျွန်တော့်ဘဝတွင် အပြည့်အဝ နိုင်ငံတကာပညာသင်ဆု သုံးကြိမ်ရခဲ့ဖူးသည်။ အပြည့်အဝပညာသင်ဆုများဖြစ်သဖြင့် မိမိအိတ်ထောင်မှ ငွေကြေးတစ်ပြားတစ်ချပ်မှ ထုတ်ယူသုံးစွဲရန် မလိုအပ်ပေ။ စိစစ်သုံးစွဲသည့် ပညာသင်ဆုထောက်ပံ့ငွေကြေးမှ ခရီးသွားလာခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ လက်ဆောင်ပစ္စည်း ဝယ်ယူခြင်းများပင် ပြုလုပ်နိုင်သေးသည်။ အမေရိကန်ပြည်ထောင်စုတွင် ကျောင်းတက်စဉ် ပထမနှစ်ပြီးသော် စာသင်ကြားသည့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်မှ နယူးယော့ပြည်နယ်သို့ သွားရောက်လည်ပတ်ဖြစ်သည်။ နယူးယောက်မြို့တွင် ထင်ရှားကျော်ကြားသော နေရာများသို့ သွားရောက်လည်ပတ်ဖြစ်သည်။ အင်ပါယာစတိတ် အဆောက်အအုံသို့ သွားရောက်ဖြစ်သည်။ လေဘာတီရုပ်တုဆီသို့ လည်ပတ်ဖြစ်သည်။ ပြတိုက်အဖြစ် အသုံးပြုသော လေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘောများအတွင်းသို့ ဝင်ရောက်လေ့လာဖြစ်သည်။ နေရာအားလုံး အခကြေးငွေပေးရသည်။

### ငွေကြေး၏ တန်ဖိုးကို သိမြင်နားလည်ရန် ခက်ခဲနေ

ကျွန်တော်၏ မြန်မာမိတ်ဆွေအချို့မှာ နယူးယောက်မြို့တွင် အနေကြာပြီဖြစ်သော်လည်း အင်ပါယာစတိတ် အဆောက်အအုံ အထက်ပိုင်းအထပ်များဆီသို့ မရောက်ဖြစ်ကြသေးပေ။ လေဘာတီရုပ်တုကို အဝေးမှသာ နေ့စဉ်မြင်တွေ့ကြသည်။ ရုပ်တုကြီးဆီသို့ အပျော်စီးသင်္ဘောဖြင့် မသွားရောက်ဖြစ်ကြသေးပေ။ အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုလေ့လာရန်မှာ ဝင်ကြေးပေးရန် လိုအပ်သည်။ မြန်မာမျက်စိနှင့်ကြည့်လျှင် ဝင်ကြေးမှာ မြင့်မားလေသည်။ ကျွန်တော်က ရောက်သမျှနေရာဝင်၊ အစားနှင့်ပါးစပ်မပြတ်ရာ ခင်မင်သူများက အကယ်၍ ကျွန်တော်သာ အလုပ်လုပ်၍ ငွေကြေးရှာဖွေရပါက ဤသို့ မစဉ်းစား၊ မတွေဝေဘဲ သုံးစွဲမည်မဟုတ်ဟု ဆိုကြသည်။ ဒါတော့ ဟုတ်တာပေါ့ဗျာဟုသာ ခပ်ပေါ့ပေါ့ဆိုခဲ့လေသည်။ အချိန်တန်လျှင် လစဉ် ပညာသင်ဆုထောက်ပံ့ကြေးငွေများက ကိုယ့်ဘဏ်အကောင့်ဆီသို့ ဝင်လာနေသဖြင့် ငွေကြေး၏ တန်ဖိုးကို သိမြင်နားလည်ရန် ခက်ခဲနေပါသည်။

အစိုးရအလုပ်မှ နုတ်ထွက်ပြီးသော် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလုပ်လုပ်ဖြစ်သည်။ လစာကောင်းပါသည်။ အမေရိကန်ပြည်ထောင်စုမှ ပညာသင်ကြားပြီးနောက် မြန်မာနိုင်ငံပြန်လာကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက်လုပ်ကိုင်ဖြစ်သည်။ ပိုမိုကောင်းမွန်သော လစာငွေကြေး ရရှိပါသည်။ တစ်ကိုယ်တည်းသမားလည်းဖြစ်သဖြင့် မိသားစုအား ထောက်ပံ့ရန် မလိုအပ်လှပေ။ ကိုယ်ရသည့် ငွေကြေးကို လွတ်လပ်စွာပင်သုံးစွဲဖြစ်သည်။ ကိုယ်ရေးသားထားသည့် ဆောင်းပါးများကို စုစည်း၍ တစ်နှစ်လျှင်တစ်ကြိမ် စုစည်းထုတ်ဝေဖြစ်သည်။ ငွေကြေးများစွာ ကုန်ကျပါသည်။ အိမ်တွင် ပညာဒါနအခမဲ့သင်တန်းဖွင့်လှစ်ဖြစ်သည်။ သင်တန်းစာရွက်စာတမ်းများအတွက် ငွေကြေးသိန်းချီ ရင်းနှီးမြှုပ်နှံရသည်။ မိမိရသည့် ဝင်ငွေနှင့် ထွက်ငွေသည် ကောင်းစွာမျှတသည်။ ဆိုရလျှင် အချိန်တန်လျှင် လစဉ် လစာငွေကြေးများက ကိုယ့်ဘဏ်အကောင့်ဆီသို့ ဝင်လာနေသဖြင့် ငွေကြေး၏တန်ဖိုးကို သိမြင်နားလည်ရန် ခက်ခဲနေပါသည်။

### တန်ဖိုးကို သိမြင်

အလုပ်ကိစ္စဖြင့် နိုင်ငံအနှံ့သို့ မကြာခဏ ခရီးထွက်ဖြစ်သည်။ စရိတ်စကအားလုံးကို ရုံးမှပင် ကျခံသည်။ လေဆိပ်သို့ ရုံးကားဖြင့် လိုက်ပို့သည်။ တစ်ဖက်လေဆိပ်တွင် ကြိုတင်ငှားရမ်းထားသော ကားက စောင့်ကြိုနေသည်။ အလုပ်ချိန်အတွင်း သွားလိုသည့်နေရာ၊ အစည်းအဝေးများကို ငှားရမ်းထားသည့်ကားဖြင့် သွားရောက်သည်။ ကောင်းမွန်လုံခြုံသည့်ဟိုတယ်တွင် တည်းခိုနေထိုင်သည်။ မနက်စာကို ဟိုတယ်က ကျွေးသည်။ နေ့လယ်စာ၊ ညစာ ရုံးပိုက်ဆံဖြင့် စားသောက်သည်။ ခရီးသွားလာစရိတ်ရရှိသည်။ ခရီးသွားလာစဉ် သတ်မှတ်ထားသော ကုန်ကျစရိတ်များအားလုံးကို ရုံးမှပင်ကျခံသည်။ စည်းစနစ်တကျ၊ အထောက်အထားဖြင့် သုံးစွဲရန်သာလိုသည်။ လက်ဆောင်ပစ္စည်းဝယ်ယူခြင်း၊ မိတ်ဆွေများနှင့် သွားလာစားသောက်ခြင်းမှာမူ မိမိကိုယ်ပိုင်ငွေကြေးမှ စိုက်ထုတ်သုံးစွဲရန် လိုအပ်သည်။ ဆိုရလျှင် တစ်နိုင်ငံလုံးသို့ စရိတ်ငြိမ်း ခရီးသွားလာရသည်ဖြစ်လေရာ ငွေကြေး၏တန်ဖိုးကို သိမြင်နားလည်ရန် ခက်ခဲနေပါသည်။

### ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်သုံးစွဲရန် မလိုအပ်

ကျွန်တော် ၂၀၀၇ ခုနှစ်တွင် စာများ စတင်ရေးသားဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ မြို့တော် စတော့ဟုမ်းတွင် နှစ်လခန့်နေထိုင်ကာ စာတမ်းတစ်စောင် ရေးသားပြုစုဖြစ်သည်။ နေထိုင်စဉ်ကာလ ကုန်ကျစရိတ်များနှင့် လစဉ်အသုံးစရိတ်ကို ဖိတ်ခေါ်သည့် အဖွဲ့အစည်းက ထောက်ပံ့သည်။ ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်သုံးစွဲရန် မလိုအပ်ပေ။ လစဉ် ရရှိသည့်ငွေကြေးများ စုဆောင်းပြီး အနီးရှိ ဖင်လန်နိုင်ငံသို့ပင် ၁၂ ထပ်ရှိသော ပင်လယ်ဖြတ်အပျော်စီးသင်္ဘောကြီးစီး၍ နေ့ချင်းပြန် အလည်သွားလိုက်သေးသည်။ စုဆောင်းငွေကြေးဖြင့်ပင် ပြင်သစ်နိုင်ငံသို့လည်း ၃၊ ၄ ရက်ခန့် သွားရောက်လည်ပတ်ဖြစ်သည်။ ဆွီဒင်နိုင်ငံမှ ပြန်လည်ရောက်ရှိပြီးနောက် နိုင်ငံတကာ အထူးသဖြင့် အာရှနိုင်ငံများမှ ဖိတ်ကြားချက်များ မကြာခဏလက်ခံရရှိသည်။ စာရေးဆရာအနေဖြင့် ဟောင်ကောင်ရောက်သည်။ တရုတ်နိုင်ငံရောက်သည်။ အိန္ဒိယမှ ဖိတ်ကြားသည် (မသွားဖြစ်ပါ)။ ဖိလစ်ပိုင်မှ ဖိတ်ကြားသည် (မသွားဖြစ်ပါ)။ ဂျပန်နိုင်ငံမှ ဖိတ်ကြားသည် (မသွားဖြစ်ပါ)။ စာရေးဆရာအနေဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ရောက်သည့်နိုင်ငံတိုင်းတွင် ကောင်းမွန်စွာ အဆက်ဆံခံရသည်။ လိုအပ်သော လူ၊ ကား အပြည့်အစုံ ထောက်ပံ့သည်။ ကောင်းမွန်သော ဟိုတယ်များတွင် တည်းခိုရသည်။ သွားချင်သည့်နေရာသို့ လိုက်ပါပို့ဆောင်သည်။

ထို့အတူ အလုပ်မှလွှတ်သဖြင့် ရုံးချုပ်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်သို့ နှစ်ကြိမ်ရောက်ဖြစ်သည်။ ဘယ်လ်ဂျီယံရောက်ခိုက် အိမ်နီးချင်း ဂျာမနီနိုင်ငံ၊ နယ်သာလန်နိုင်ငံများသို့ သွားရောက်လည်ပတ်ဖြစ်သည်။ နိုင်ငံဖြတ်ကျော် လည်ပတ်စရိတ်များ များပြားသော်လည်း ရုံးမှထောက်ပံ့သော နေ့စဉ်အသုံးစရိတ်များက ကောင်းစွာကာမိသည်။ အလုပ်အင်တာဗျူးတစ်ခုအတွက် အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာသို့ ဖိတ်ခေါ်ခံရသည်ပင်လျှင် အသွားအပြန်၊ နေထိုင်စရိတ်အားလုံးကို ဖိတ်ခေါ်သည့် အဖွဲ့အစည်းမှ ကျခံပေးလေသည်။ ထို့အတူ ဂျပန်နှင့် ကိုရီးယားနိုင်ငံများတွင် ကျောင်းများတက်စဉ် ပညာသင်ဆုအဖွဲ့အစည်း၏ အစီအစဉ်၊ ကျောင်းအစီအစဉ်များဖြင့် နိုင်ငံအတွင်း လေ့လာရေးခရီးစဉ် အတော်များများကို စရိတ်ငြိမ်း သွားရောက်လည်ပတ်ရသည်။ ဆိုရလျှင် တစ်ကမ္ဘာလုံးသို့ စရိတ်ငြိမ်း ခရီးသွားလာရသည် ဖြစ်လေရာ ငွေကြေး၏တန်ဖိုးကို သိမြင်နားလည်ရန် ခက်ခဲနေပါသည်။

### ငွေကြေး၏တန်ဖိုးကို သဘောပေါက်စပြုလာ

အလုပ်အားချိန် စနေ၊ တနင်္ဂနွေရက်များတွင် စာရေးဖြစ်သည်။ စာရေးသက်ပင် ဆယ်နှစ်မကကြာမြင့်ခဲ့ပြီဖြစ်သည်။ သတင်းစာ၊ ဂျာနယ် လေး၊ ငါးစောင် မကတွင် ဆောင်းပါးများ အဆက်မပြတ်ရေးသားဖြစ်သည်။ စာများကို ခွဲဖြန့်ရေးသားသဖြင့် စာမူခများကိုလည်း သတင်းစာ၊ ဂျာနယ်တိုက်အသီးသီးမှာ ထုတ်ယူရသည်။ ဆောင်းပါးအရေးအသားများချိန်ဆိုလျှင် တစ်ပုဒ်ရေးပြီးတိုင်း စာမူခကို တစ်ခါမထုတ်ဖြစ်ပါ။ နှစ်ပုဒ်၊ သုံးပုဒ်ပါမှ သွားရောက်ထုတ်ယူဖြစ်သည်က များသည်။ လမ်းသွားရင်း၊ ဈေးဝယ်ရင်း ငွေလိုလျှင် သတင်းစာ၊ ဂျာနယ်တိုက်များဆီသို့ ခြေဦးလှည့်ရုံပင်ဖြစ်သည်။ စာမူခရရန် ငွေကြေးက အသင့်ရှိနေတတ်သည်။ သို့သော် စာရေးသားခါမှ ငွေ၏တန်ဖိုးကို သိရန် အကြောင်းများလည်း ဖြစ်တည်လာသည်။ စာအုပ်များ ထုတ်ဝေဖြန့်ချိရာတွင် အချို့စာအုပ်များကို ကိုယ်တိုင်လုပ်ကိုင်ဖြစ်သည်။ သို့ဖြစ်ရာ ငွေကြေး၏တန်ဖိုးကို သဘောပေါက်စပြုလာသည်။

ယနေ့ခေတ်တွင် စာအုပ်ထုတ်ဝေခြင်းမှာ အရဲစွန့်ရသည်။ ထုတ်ဝေစရိတ်ကြီးမားသည်။ စာအုပ်တစ်အုပ်ရောင်းလျှင် စာအုပ်ဆိုင်များသို့ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်း စသဖြင့် ပေးရသည်။ စာအုပ်တစ်အုပ်ရောင်းရမှ ငွေကျပ် ၅၀၀၊ ၆၀၀ ကျန်တတ်သည်။ စာအုပ်ဆိုင်အများစုမှာ စာအုပ်တစ်ခါမှာလျှင် ငါးအုပ်မျှသာ မှာတတ်သည်။ ကုန်လျှင် အကြိမ်ကြိမ်ပြန်မှာသည်။ စာအုပ်တစ်ခါမှာ၍ အငှားယာဉ်ဖြင့်သွားပို့လျှင် ရသည့် ငါးအုပ်အတွက် ရမည့် အမြတ်ငွေသည် အငှားယာဉ်ခဖြစ်သွားတော့သည်။ ဒီလိုနှင့် စာအုပ်ငါးအုပ်ပို့ဖို့အရေး အငှားယာဉ်စီးရမှာ ကျွန်တော် နှမြောတတ်လာသည်။ သို့သော် မိမိထုတ်ဝေသောစာအုပ်များမှာ အချိန်တန်လျှင် ကုန်သွားသည်ဖြစ်ပြီး အချို့စာအုပ်များဆိုလျှင် မည်သည့်စည်းနှောင်မှုမျှမရှိဘဲ ထုတ်ဝေကုန်ကျစရိတ် အပြည့်အဝ ငွေကြေးပံ့ပိုးကူညီရန် ကမ်းလှမ်းသည်များရှိရာ ကျွန်တော့်အနေဖြင့် ငွေကြေး၏တန်ဖိုးကို သိမြင်နားလည်ရန် ခဲယဉ်းနေဆဲဖြစ်ပါသည်။

### ငွေစုကြပါ

ကျွန်တော် ငွေကြေးမချမ်းသာပါ။ သို့သော် ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံများ ချမ်းသာပါသည်။ ကျွန်တော့်တွင် ကိုယ်ပိုင်ကားမရှိပါ။ ယနေ့တိုင် ဘတ်စ်ကားစီးပါသည်။ လိုအပ်လျှင် အငှားယာဉ်စီးပါသည်။ သို့သော် ယနေ့တိုင် ငွေကြေးနှင့်ပတ်သက်၍ ခက်ခဲသည်၊ လိုအပ်သည်ဟူ၍ မကြုံတွေ့သေးပေ။ ငွေကြေးအဆင်မပြေကြသော နိုင်ငံသားများအကြောင်း သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုရလျှင် ဒီလောက်ငွေလေးနဲ့ လိမ်ကြသလား၊ လုကြသလား၊ သတ်ကြသလား မကြာခဏ အတွေးဝင်မိသည်။ နိုင်ငံသားအများစု အဆင်မပြေ ဆင်းရဲမှု ကြီးမားနေချိန်တွင် ကိုယ်သုံးစွဲလည်ပတ်ခဲ့သည်များအတွက် စိတ်မလုံခြုံသလိုမျိုး တစ်ခါတစ်ရံ ခံစားမိသည်။ ကျွန်တော်၏အဖေ ကျောက်ကပ်ရောဂါဖြင့် ဆုံးပါသည်။ ရောဂါကုသစဉ်ကာလ အပတ်စဉ်၊ လစဉ် ငွေကြေးများစွာ ကုန်ကျပါသည်။ တစ်နေ့ သူ့ကို သူလုပ်ကိုင်ခဲ့သော အစိုးရဌာနမှ လူငယ်တပည့်များက အိမ်သို့ လာရောက်ကန်တော့ကြသည်။ အားအင်ချည့်နဲ့နေသော အဖေသည် စကားများစွာ ပြောဆိုနိုင်ခြင်းမရှိလှပေ။ သူ့တပည့်များအား မှာကြားသည့် နောက်ဆုံးစကားတစ်ခွန်းကို ယခုတိုင် ကျွန်တော် မှတ်မိနေပါသေးသည်။ ငွေစုကြပါဟူ၍ဖြစ်သည်။ အဖေသည် ငွေကြေးတန်ဖိုးကို မကျန်းမာချိန်မှ ပိုမိုနားလည်သဘောပေါက်ခဲ့ပေလိမ့်မည်။ သူ၏သားဖြစ်သူ ကျွန်တော့်မှာမူကား ငွေ၏တန်ဖိုးကို ယနေ့တိုင် နားလည်သဘောပေါက်ရန် ခဲယဉ်းနေပါသေးသည်။ ။

---

# မူဆယ်မြို့၊ နမ့်ခမ်းမြို့၊ ပန်ဆိုင်း(ကျူကုတ်)မြို့များတွင် လေးရက်ကြာ မီးပြတ်မည်

**မူဆယ် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တစ်မြို့ဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၊ နမ့်ခမ်းမြို့၊ ပန်ဆိုင်း(ကျူကုတ်)မြို့များတွင် လေးရက်ကြာ မီးပြတ်မည်ဖြစ်ကြောင်း သိရသည်။

မီးပြတ်ရမည့်အကြောင်းမှာ ရွှေလီ-၁ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက် ခြောက်လုံးနှင့် Main Transformer ခြောက်လုံးအား အကြီးစားထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ မူဆယ်မြို့၊ နမ့်ခမ်းမြို့နှင့် ပန်ဆိုင်း(ကျူကုတ်)မြို့များသို့ ဓာတ်အားပေးထားသော စက်အမှတ် (၆)ကို လက်ရှိပြုပြင်လျက်ရှိပြီး စက်အမှတ် (၆)၏ Main Transformer ကို ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီခွဲမှစတင်ကာ ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲအထိ လေးရက်ကြာ ဓာတ်အားပိတ်၍ အထွေထွေစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြုပြင်နေစဉ်ကာလအတွင်း မူဆယ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မည်ဖြစ်ပြီး ယင်းကာလအတွင်း တရုတ်နိုင်ငံမှ ဝယ်ယူရရှိသော လျှပ်စစ်ဓာတ်အား 2MW ခန့်အား မူဆယ်မြို့နယ် လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီဖြစ်သည့် JUNCTION RIVER ကုမ္ပဏီမှ လက်ခံဝယ်ယူမည်ဖြစ်ပြီး မူဆယ်မြို့ပေါ်ရှိ လမ်းမီးများ၊ ဆေးရုံ၊ ဆက်သွယ်ရေးနှင့် ဌာနဆိုင်ရာတချို့အား ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မူဆယ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

**ပြည့်စုံ(မူဆယ်)**

■

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်နှင့် တွေ့ဆုံ၊ အပြီးသတ်အစီရင်ခံစာဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်နှင့် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေ ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**❖ ကျောဖုံးမှ**

ကျောင်းကြိုပို့ယာဉ်အဖြစ် ဆောင်ရွက်မည့် ယာဉ်များ၏ အရှေ့နှင့် အနောက်ဘက်တွင် School Bus ဟူသော စာသားပါရှိရမည်ဖြစ်ပြီး သတ်မှတ်ဆေးရောင်(အဝါရောင်) ဘယ်မောင်းယာဉ်များကိုသာ လုပ်ငန်းသုံး ကျောင်းကြိုပို့ယာဉ်များအဖြစ် မှတ်ပုံတင်သက်တမ်းတိုးသည့်အခါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

ကျောင်းကြိုပို့ယာဉ် (School Bus) အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ရာတွင် ခရီးသည် ၁၀ ဦးနှင့်အထက် တင်ဆောင်နိုင်သော Micro Bus၊ Mini Bus စသည့် Bus များဖြစ်ရမည်ဖြစ်ပြီး ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ် ပါရှိရမည်ဟု သိရသည်။ ကျောင်းကားများအားလုံး သတ်မှတ်ဆေး အဝါရောင်ဖြစ်ရမည်ဖြစ်ပြီး ဘယ်မောင်းယာဉ် ဖြစ်ရမည်ဖြစ်ကာ ယာဉ်၏ ညာဘက် (Right Hand Side)တွင် အတက်အဆင်း တံခါးပေါက်ပါရှိရန်နှင့် လုံခြုံစိတ်ချရသော သော့စနစ် တပ်ဆင်ထားရမည်ဟု သတ်မှတ်ထားသည်။ ကျောင်းကြိုပို့ယာဉ်အဖြစ် ပြေးဆွဲမည့်ယာဉ်ပေါ်တွင် ရှေးဦးသူနာပြုသေတ္တာ First Aid Box ပါရှိရမည်ဖြစ်သည့်အပြင် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး အနည်းဆုံး နှစ်ဘူးပါရှိရမည်ဖြစ်သည်။ ယာဉ်၏ အရှေ့နှင့် အနောက်ဘက်တွင် School Bus ဟူသော စာသားကို ထင်ရှားစွာ ရေးသားထားရမည်ဖြစ်ပြီး ယာဉ်၏ ဘေးဘက်တွင် ကျောင်းအမည်နှင့်ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို ရေးသားထားရမည်ဖြစ်သည်။

ယင်းအပြင် ကျောင်းကြိုပို့ ယာဉ်မောင်းသည် ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး "ယ"လိုင်စင်ရရှိပြီးသူ ဖြစ်ရမည်ဖြစ်ကာ ယာဉ်မောင်းနှင်ရာတွင်လည်း အမြန်နှုန်းကို တစ်နာရီလျှင် ကီလိုမီတာ ၄၀ ထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန် ကန့်သတ်ထားရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကြိုပို့ယာဉ်ကို အငှားယာဉ် (ကျောင်းကြိုပို့ လုပ်ငန်းသုံးယာဉ်) အဖြစ် လုပ်ငန်းလိုင်စင် ပြုလုပ်ရမည်ဖြစ်သည်။

အဆိုပါကြိုပို့ယာဉ်များကို လိုက်ပါစီးနင်းမည့် ကျောင်းသားများသည် အသက် (၁၂)နှစ်နှင့်အထက် ဖြစ်ပါက လူကြီးထိုင်ခုံကို သတ်မှတ်ပေးရမည်ဖြစ်ပြီး (၁၂) နှစ်အောက် ကလေးများဖြစ်ပါက ယာဉ်ပေါ်တွင် တပ်ဆင်ပါရှိသော ထိုင်ခုံအရေအတွက်သည် မူလ လူကြီးထိုင်ခုံအရေအတွက်၏ တစ်ဆခွဲထက် မပိုရသည့်အပြင် ထိုင်ခုံခါးပတ် အပြည့်အစုံပါရှိရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စာထုတ်ပြန်ထားသည်။

"အခုချက်ချင်းကြီး ပြောင်းရမယ်ဆိုတာထက် အချိန်ယူပြောင်းလဲသွားမှာပါ။ ယာဉ်မှတ်ပုံတင် သက်တမ်းတိုးတဲ့အချိန်ကို ရောက်လာရင် School Bus ဆိုရင် အဲဒီအချက်တွေနဲ့ကိုက်ညီမှ သက်တမ်းတိုးခွင့်ပြုလိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၈ ထဲမှာတော့ School Bus တွေဟာ သတ်မှတ်စံနှုန်းတစ်ခုနဲ့ ပြောင်းလဲသွားနိုင်ပါတယ်။ ၂၀၁၀ လောက်က ရန်ကုန်မှာ ကားအစီးရေက နှစ်သိန်းနှစ်သောင်းကျော်လောက်ပဲ ရှိတာပါ။ ၂၀၁၀ ဒီဇင်ဘာ၊ ၂၀၁၁ နှစ်ဆန်းပိုင်းမှာကျတော့ ယာဉ်တင်သွင်းခွင့်မူဝါဒအရ ယာဉ်အိုယာဉ်ဟောင်း အပ်နှံတဲ့စနစ်၊ ဖရီးပါမစ်စနစ်တွေနဲ့ အခုအခြေအနေနဲ့ဆိုတော့ ရန်ကုန်မှာ မော်တော်ယာဉ် ငါးသိန်း သုံးသောင်းကျော်လောက် ဖြစ်နေတယ်။ ကျောင်းတွေရဲ့ တည်ရှိမှု အနေအထားအရလည်း ကျောင်းချိန်တွေမှာ ယာဉ်ကြောကျပ်တည်းမှုတွေ ပိုခံစားလာရတယ်။ ဒါတွေအပြင် အဲဒီမှာ အသုံးပြုနေတဲ့ ကားတွေက လိုက်ထရပ်တွေ ဖြစ်နေတယ်။ လိုက်ထရပ်တွေက သိတဲ့အတိုင်းပဲ ကုန်ပစ္စည်းတင်ဖို့ ရည်ရွယ်ထားတဲ့ကားတွေလေ။ ကလေးတွေ ကျောင်းကြိုပို့လုပ်ဖို့က Road Safety မဖြစ်ဘူးပေါ့။ ကလေးတွေအတွက် Road Safety ဖြစ်စေချင်တယ်။ ကျောင်းကြိုပို့ယာဉ်တွေကိုလည်း စနစ်တကျ ဖြစ်စေချင်တယ်။ အဲဒါကြောင့် သတ်မှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကြေးမုံသို့ ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းကြိုပို့ယာဉ် (School Bus) အမျိုးအစား သတ်မှတ်ခြင်းကို မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်အရ ဇူလိုင် ၂၀ ရက်စွဲဖြင့် ညွှန်ကြားချက် (၁၈/၁၇)အရ ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် လုံခြုံစိတ်ချစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချနိုင်ရေး၊ ကျောင်းကြိုပို့ယာဉ် (School Bus)များ စနစ်တကျ၊ စည်းကမ်းတကျ ဖြစ်စေရေး ဆောင်ရွက်ပေးရန်အတွက် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိမှသာ ကျောင်းကြိုပို့ယာဉ် (School Bus)အဖြစ် မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးပေးမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ခြင်းကို အချိန်အတိုင်းအတာတစ်ခုပေးကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြားသော ပြည်တွင်းရှိ Micro Bus၊ Mini Bus များအနေဖြင့်လည်း ကျောင်းကြိုပို့ယာဉ်အဖြစ် ပြေးဆွဲလိုပါက အဆိုပါသတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ပြည်ပမှ School Bus များ တင်သွင်းလာပါကလည်း ကနဦးမှတ်ပုံတင်ရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ခွင့်ပြုထားသော စီးတီးဘတ်စ်များနည်းတူ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ ထောက်ခံချက်ဖြင့် ကျောင်းကြိုပို့ယာဉ်များ တင်သွင်းခြင်းတွင် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်လိပ်စာအတိုင်း မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဆုနှင်းလှဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်ရှန်းပြည်သူ့အစိုးရ မြို့တော်ဝန် Mr. Yang Jun နှင့်အဖွဲ့အား ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ်နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ(၁)၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်ရှန်းပြည်သူ့အစိုးရမြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးတိုင်းဒေသကြီး မြစ်သာစက်မှုဇုန်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝိုင်းမော်စက်မှုဇုန်များ အကောင်အထည်ဖော် တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းကဏ္ဍများတွင် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ ရယူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင်သဘောတူညီချက်နှင့်စပ်လျဉ်းသော ဆွေးနွေးပွဲကျင်းပနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အလားတူ ယနေ့နံနက် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံတကာရေးရာကော်မတီဒုတိယဥက္ကဋ္ဌ Mr. Yuan Guiren နှင့်အဖွဲ့အား တွေ့ဆုံ၍ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ အရည်အသွေးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံမှ နည်းပညာနှင့် အရင်းအနှီးများ ဝင်ရောက်လာစေရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်-မြန်မာ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## (၅၁) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထွန်းမင်းနှင့် ထွန်းထွန်းအောင်တို့ ရွှေတံဆိပ်ဆုရရှိ

**ရန်ကုန် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် ၂၀၁၇ ခုနှစ် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ ဦးဆောင်၍ အုပ်ချုပ်သူ ဦးကျော်သန်း (အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ)၊ အမျိုးသမီးနည်းပြ ဦးမြင့်သိန်း(အမှုဆောင်)၊ အမျိုးသားနည်းပြ ဦးအောင်နိုင် (အမှုဆောင်)၊ ဒိုင်အဖွဲ့ ဒေါ်ရီရီဝင်း (အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး)၊ အားကစားသမားများအဖြစ် ကာယဗလ ၆၀ ကီလိုတန်း၌ ထွန်းထွန်းအောင်၊ ၆၅ ကီလိုတန်း၌ ထွန်းမင်း၊ ၇၀ ကီလိုတန်း၌ ရဲထွန်းအောင်၊ Model Physique 160 စင်တီမီတာ(အောက်)ပြိုင်ပွဲ၌ နန်းလောင်ခမ်း၊ Athetetic Physique ပြိုင်ပွဲ၌ နှင်းနှင်းအေးတို့ပါဝင်သော မြန်မာအားကစားအဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ၆၅ ကီလိုတန်းပြိုင်ပွဲ၌ ထွန်းမင်း**(အောက်ပုံ)**က ရွှေတံဆိပ်ဆုကိုရရှိပြီး ထွန်းထွန်းအောင်က Master ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကို ရရှိကာ ၆၀ ကီလိုတန်းကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



**● ဘီလိယက်နှင့် စနူကာမှ**

နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာခဲ့သည်။ နောက်ဆုံးပွဲတွင် ထိုင်းအတွဲက လက်စွမ်းပြကာ (၁၀၀-၁၈)မှတ်ဖြင့် အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ အောင်ဌေးနှင့် မင်းစည်သူထွန်း အတွဲသည် ၂၀၁၅ ပြိုင်ပွဲ၏ ဆီးဂိမ်းချန်ပီယံဖြစ်သော်လည်း ချန်ပီယံဘွဲ့လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ စနူကာနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာမှ အောင်ဖြိုးနှင့် ကိုဖြိုးအတွဲက ကြေးဆုရရှိခဲ့သည်။

9- ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာမှ မောင်မောင်နှင့် အောင်မိုးသူအတွဲက အင်ဒိုနီးရှားအတွဲကို (၉-၆)ပွဲဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး စင်ကာပူအတွဲနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွှန့်(ခေတ္တ -မလေးရှား)**

# နိုင်ငံတစ်ဝန်းတွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၈၄၈ ဦး၊ Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၃၁၇ ဦးနှင့် သေဆုံးသူ ၃၃ ဦးရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတစ်ဝန်းတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၈၄၈ ဦး၊ Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၃၁၇ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၃၃ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီအထိ သုံးရက်အတွင်း ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 သံသယလူနာ ၅၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၂၀ တွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူ သုံးဦးရှိခဲ့သဖြင့် ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ လက္ခဏာဖြင့် ပြသသူဦးရေ | Influenza A(H1N1) pdm 09 ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၂၀ | ၁၆ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၀ | ၂၂ | ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၈ | ၂၂ | ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉၄ | ၄၂ | ၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၄ | ၁၆ | ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၁ | ၁၉ | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၂ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၂ | ၄ | ၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၈၂ | ၈၅ | ၈ |
| ၁၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၂ | ၃ | ၀ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၉၅ | ၃၉ | ၁၂ |
| ၁၇ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| **စုစုပေါင်း** | | **၈၄၈** | **၃၁၇** | **၃၃** |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၁ ဦးရှိကြောင်း။

တစ်နိုင်ငံလုံးရှိ ဆေးရုံများတွင် H1N1 ပိုးတွေ့လူနာအဖြစ် ဆေးရုံတက်ရောက်ကုသသူဦးရေမှာ သိသာစွာကျဆင်းလာပြီး ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် အတွင်းလူနာနှစ်ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် အတွင်းလူနာ ၃၄ ဦး စုစုပေါင်း ၃၆ ဦးသာ ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းလူနာ ၂၁၁ ဦးနှင့် ပြင်ပလူနာအဖြစ်ပြသသူ ၁၆ ဦးရှိခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင် ဖော်ပြထားချက်အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ခုနစ်လကျော်ကာလအတွင်း အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများ၏ သတင်းပေးပို့အတည်ပြုရာသီတုပ်ကွေးရောဂါ(Seasonal Influenza A(H1N1)pdm09)ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း-

| စဉ် | နိုင်ငံ | ဓာတ်ခွဲ စမ်းသပ် စစ်ဆေးသူ ဦးရေ | Influenza A(H1N1)pdm 09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ |
|---|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၃၉၇၆၀၉ | ၁၂၁၀၃ |
| ၂ | အိန္ဒိယနိုင်ငံ | ၈၈၄၅ | ၁၄၁၂ |
| ၃ | နီပေါနိုင်ငံ | ၁၈၂၆ | ၄၈၀ |
| ၄ | သီရိလင်္ကာနိုင်ငံ | ၅၈၅၄ | ၃၇၃ |
| ၅ | မြန်မာနိုင်ငံ | ၇၉၇ | ၂၉၇ |
| ၆ | မော်ဒိုက်နိုင်ငံ | ၉၄၆ | ၂၈၉ |
| ၇ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၃၄၅၅ | ၂၇၄ |
| ၈ | ထိုင်းနိုင်ငံ | ၁၉၂၈ | ၁၃၂ |
| ၉ | မလေးရှားနိုင်ငံ | ၁၈၄၈ | ၅၉ |
| ၁၀ | ဘူတန်နိုင်ငံ | ၁၀၄၃ | ၄၈ |
| ၁၁ | အင်ဒိုနီးရှားနိုင်ငံ | ၁၀၉ | ၂ |

သို့ဖြစ်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသောနိုင်ငံများနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများအနက် အများစုတွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့်ကာလဖြစ်ကြောင်း သုံးသပ်ရကြောင်း။

စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများ၊ အခြားလူစုလူဝေးရှိသောနေရာများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်ဖြစ်ပွားမှု (Cumulative incidence of ILI symptoms) အခြေအနေမှာ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရက်အလိုက် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း(Case hospitalization rate)၊ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါလူနာများတွင် သေဆုံးမှုနှုန်း(Case fatality rate among Severe Acute Respiratory Infections–SARI)အား ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ရာ ဆေးရုံတက်ရောက်မှုနှုန်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်များအရ ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ ကျဆင်းသည့်ဘက် (Downward Trend)သို့ ရောက်ရှိနေပြီး လူနာနှင့် အနီးကပ်ထိတွေ့ကိုင်တွယ်သူများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပွားမှုအခြေအနေ (Secondary attack rate) တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော Seasonal Influenza A(H1N1)pdm09 သည် ကူးစက်ပြန့်ပွားမှုနှင့် ရောဂါပြင်းထန်မှုမှာ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း။

ပြည်သူလူထုအနေဖြင့် မိမိတွင်ရာသီတုပ်ကွေး ရောဂါလက္ခဏာများ ခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာပြည်သူ့ဆေးရုံများသို့ အချိန်မီသွားရောက်ဆေးကုသမှုခံယူရန်နှင့် မိမိထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုများသိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်အား အခါအားလျော်စွာ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေသုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်သန့်ရှင်းရေး ပရဟိတအဖွဲ့ ၃၈ ဖွဲ့ စုပေါင်းအမှိုက်ကောက်မည်

**ရန်ကုန် ဩဂုတ် ၂၃**

ပြည်သူများအနေဖြင့် အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်သော အလေ့အကျင့်ကောင်း၊ အမူအကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ "မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့" ခေါင်းစဉ်ဖြင့် Clean Yangon Campaign လှုပ်ရှားမှုတစ်ခုကို ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီမှ ၆ နာရီအထိ တက္ကသိုလ်ရိပ်သာလမ်း၊ ပြည်လမ်း၊ အင်းစိန်လမ်း၊ လှည်းတန်းလမ်း၊ အင်းလျားကန် အစရှိသည့် နေရာများတွင် ပရဟိတအဖွဲ့ ၃၈ ဖွဲ့က စုပေါင်းအမှိုက်ကောက်ကာ ပြည်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ အမှိုက်ကို စနစ်တကျစွန့်ပစ်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်လေးတွေ ဝင်လာအောင် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ရန်ကုန်မြို့မှာ ယခင်ကထက်စာရင်တော့ ကားတွေပေါ်ကနေ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေ လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။ တစ်စိတ်တစ်ဒေသ တိုးတက်အောင်မြင်တယ်လို့ ယူဆပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူးက ပြောသည်။

အဆိုပါလှုပ်ရှားမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ လူစည်ကားသည့်နေရာများတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုဆောင်ရွက်ခြင်းမှာ လေးကြိမ်မြောက်ဖြစ်ကြောင်း၊ ယခင်က ရွှေတိဂုံဘုရား၊ မြို့တော်ခန်းမ၊ ဟံသာဝတီအဝိုင်းအစရှိသည့် နေရာများတွင် စုပေါင်းအမှိုက်ကောက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ၃၃ မြို့နယ်ရှိကြောင်း၊ အဆိုပါမြို့နယ်များရှိ အမှိုက်များကို သိမ်းဆည်းသယ်ယူရရှိမှုမှာ တစ်နေ့လျှင် အမှိုက်တန်ချိန် ၂၇၀၀ မှ ၂၈၀၀ ကျော်ရှိကြောင်း သိရသည်။

**(ဇာနည်မောင်)**

# မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဟန်ဂေရီနိုင်ငံသို့ ထွက်ခွာ




**ရန်ကုန် ဩဂုတ် ၂၃**

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်(IJF)၏ ဗဟိုအလုပ်အမှုဆောင်များနှင့် သက်ဆိုင်သည့်အစည်းအဝေးသို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် သုံးဦးသည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟန်ဂေရီနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာဂျူဒိုအဖွဲ့ချုပ်(IJF) ကော်မတီများ၏ အစည်းအဝေးတွင် အဖွဲ့ချုပ်(IJF)နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး ရလဒ်နှင့် ဆုံးဖြတ်ချက်များကို အဖွဲ့ချုပ်၏ အစည်းအဝေးရက်ပေါင်း ၉၀ သို့မဟုတ် ၁၂၀ မတိုင်မီ သက်ဆိုင်သောနိုင်ငံများအလိုက် ပေးပို့ကြမည်ဖြစ်သည်။ IJF တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိပြီး မဲပေးပိုင်ခွင့်ကို တိုက်ကြီးများအလိုက် ဖွဲ့စည်းထားသော အဖွဲ့ချုပ်သမဂ္ဂများဖြစ်သော OCEANIA ဂျူဒိုသမဂ္ဂအဖွဲ့ချုပ်အောက်တွင် နိုင်ငံ ၅၀၊ ဥရောပဂျူဒို သမဂ္ဂအဖွဲ့ချုပ်အောက်တွင် ၅၁ နိုင်ငံ၊ PAN AMERICA ဂျူဒိုသမဂ္ဂအဖွဲ့ချုပ်အောက်တွင် ၃၃ နိုင်ငံ၊ အာရှဂျူဒိုသမဂ္ဂအဖွဲ့ချုပ်အောက်တွင် ၃၉ နိုင်ငံ၊ အာဖရိက ဂျူဒိုသမဂ္ဂအဖွဲ့ချုပ်အောက်တွင် ၅၂ နိုင်ငံဖြစ်ပြီး တိုက်ကြီးငါးတိုက်တွင် စုစုပေါင်း ၁၉၁ နိုင်ငံရှိကြောင်း သိရသည်။

အဆိုပါ သမဂ္ဂအဖွဲ့ချုပ်ငါးခုမှ ယင်းတို့ လှုပ်ရှားဆောင်ရွက်မှုများကို အားပေးကူညီနိုင်ရန်အလို့ငှာ တိုက်ကြီးများအလိုက် ဂျူဒိုပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေး သမဂ္ဂအဖွဲ့ချုပ်များ၏ ဘဏ္ဍာရေးရှင်းတမ်းဥပဒေရေးရာကိစ္စရပ်များကို တက်ရောက်လာသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့များက ဆွေးနွေးပြီး အစီရင်ခံစာများကို နိုင်ငံအလိုက် အသီးသီးတင်ပြကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အလုပ်အမှုဆောင်များဖြစ်သော ဦးဦးခိုင်နှင့် ဦးဇော်ထွန်းနိုင်တို့ လိုက်ပါသွားကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းဖွင့်




**နေပြည်တော် ဩဂုတ် ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန Myanmar Responsible Tourism Institute (MRTI) နှင့် UNICEF Myanmar တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကလေးသူငယ် ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက မန္တလေးမြို့ (၇၈)လမ်း၊ (၃၇)လမ်းနှင့် (၃၈)လမ်းကြားရှိ Hotel Mandalay စံပယ်ဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခိုင်သန်းနှင့် တာဝန်ရှိသူများ၊ Myanmar Responsible Tourism Institute (MRTI) မှ သင်တန်းနည်းပြဆရာ ဆရာမများ၊ UNICEF Myanmar မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများတွင် ပါဝင်ပတ်သက်ဆက်နွယ်လျက်ရှိသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ INGO၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခိုင်သန်းက ယခုကျင်းပသည့် သင်တန်းသည် ခရီးသွားကဏ္ဍပေါင်းစုံတွင် ပါဝင်ပတ်သက်လျက်ရှိသော ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးချမှုကာကွယ်ရေးနှင့် ထိုပြစ်မှုများတွေ့ရှိလာပါက မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်းနယ်စပ် သောင်ရင်းမြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြဝတီ ဩဂုတ် ၂၃**

မြဝတီခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင် ဦးဆောင်သော ခရိုင်မြစ်ကြောင်းထိန်းသိမ်းရေးကော်မတီအဖွဲ့သည် ယနေ့ နံနက် ၉ နာရီက ထိုင်း-မြန်မာနယ်စပ်သောင်ရင်းမြစ်တစ်လျှောက် မြစ်ကမ်းပါးပြိုကျမှုများကို လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာကော်မတီများပါဝင်ပြီး ကရင်ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသိန်းလင်းတို့က စစ်ဆေးကြည့်ရှုခဲ့ကြသည်။

ကရင်ပြည်နယ်မှ ပြည်နယ်ဦးစီးမှူး ဦးသိန်းလင်းက "ကျွန်တော်တို့မြန်မာပိုင် သောင်ရင်းမြစ်ကမ်းပါးတွေ မိုးတွင်းမှုပြိုကျတာတွေရှိတယ်။ အဲဒီလိုပြိုကျတဲ့နေရာတွေမှာ တချို့အန္တရာယ်ရှိတဲ့နေရာတွေရှိတယ်။ ဒီနေရာတွေကို ကျွန်တော်တို့အဖွဲ့မှာပါတဲ့ဦးဆောင်သူ ခရိုင်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာအထက်ဌာနတွေကို တင်ပြပြီး ကမ်းထိန်းနံရံတွေပြုလုပ်ဖို့ တင်ပြသွားမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က မြဝတီနဲ့ မင်းလက်ပံသွား မော်တော်ကားလမ်းဘေး မာမီဂိတ်အနီးမှာ သောင်ရင်းမြစ်ရေတိုက်စားခဲ့လို့ ကမ်းပါးပြိုကျပြီး လမ်းနဲ့ သုံးပေလောက်သာရှိတော့တာမို့ ကျွန်တော်တို့ ကမ်းပါးဆက်မပြိုအောင် မျောတိုင်တွေစိုက်ပြီး ချက်ချင်းဆောင်ရွက်နေပါတယ်။ အခု ဒီနေ့ လမ်းခရီးတစ်လျှောက်မှာလည်း ကမ်းပါးပြိုမှုတွေကိုတွေ့ရှိပြီး ဓာတ်ပုံရိုက်မှတ်တမ်းတင်ခဲ့ပါတယ်။ တွေ့ရှိတဲ့ကမ်းပါးပြိုတဲ့နေရာ သုံးခုလောက်ကို ကမ်းထိန်းနံရံတွေပြုလုပ်ဖို့ သက်ဆိုင်ရာအထက် ဌာနတွေကို တင်ပြသွားမှာပါ"ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါခရီးတွင် မြဝတီမြို့နယ်မှ သောင်ရင်းမြစ်ကမ်းမြောက်ဘက်တစ်လျှောက် စက်လှေများဖြင့် ရေမိုင် ၂၀ ခန့် လိုက်လံစစ်ဆေးကြည့်ရှုရာ ရွှေကုက္ကိုလ်ကျေးရွာအထိ ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ထိန်လင်းအောင်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ကျောက်ဖြူ ဩဂုတ် ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (ကျောက်ဖြူ)မှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အစဉ်လိုက်နာဆောင်ရွက်ကြစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ သာသနာ့ဗိမာန်ခန်းမ၌ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်မောင်မောင်ထွန်းက ပြည်သူများနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ကြရန် ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့ကာ အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပဲအရောင်းအဝယ်ရပ်နားထားသော်လည်း ကုန်စည်ဒိုင်တွင် ပုံမှန်စည်ကားနေ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဩဂုတ် ၂၂ ရက်က အရေးပေါ် အစည်းအဝေးပြုလုပ်ပြီး မတ်ပဲနှင့် ပဲစင်းငုံအရောင်းအဝယ် ခေတ္တရပ်နားသည်ဟု သိရသည်။ ယနေ့ ထုတ်ပြန်သော ကုန်စည်ဒိုင်ဈေးနှုန်းစာရွက်တွင် မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်သည့်ပမာဏ ဖော်ပြခြင်းမရှိဟု ဈေးနှုန်းစာရင်းရယူနေသူ ကိုစန်းက ပြောသည်။

ဩဂုတ် ၂၁ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ရှစ်သိန်းဖြင့် ကုန်သေတ္တာ အလုံးရေ ၉၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစင်းငုံနီ RC မှာ တစ်တန်လျှင် ကျပ် ၅၀၅၀၀၀ ဈေးဖွင့်ထားသော်လည်း အရောင်းအဝယ်မဖြစ်ဟု ယင်းနေ့ ကုန်စည်ဒိုင်ဈေးနှုန်းတွင် ဖော်ပြထားသည်။

ဩဂုတ် ၂၃ ရက်တွင် ပဲအရောင်းအဝယ်မရှိသော်လည်း ပဲကုန်သည်များအခြေအနေကို လာရောက်အကဲခတ်လေ့လာနေခြင်းနှင့်အတူ စားအုန်းဆီဈေးကွက်သို့ ပုံမှန်လာနေကျ ဆီအရောင်းအဝယ်သမားများ လာရောက်ခြင်း၊ ရုပ်သံလွှင့်အပါအဝင် မီဒီယာသမားများ သတင်းယူမေးမြန်းခြင်းများကြောင့် ပုံမှန်နေ့များကဲ့သို့ ပဲအရောင်းအဝယ် မရှိသည်မှလွဲ၍ ပုံမှန်စည်ကားနေဆဲရှိသည်ဟု ဆီကုန်သည်တစ်ဦးက ဆိုသည်။

အိန္ဒိယပြည်တွင်း ပဲစိုက်ပျိုးထွက်ရှိမှုများလာခြင်းနှင့်အတူ ပဲတင်သွင်းခြင်း လျော့ကျလာရာမှ ယခုနှစ် ဩဂုတ်လတွင် ပဲတင်သွင်းခြင်းကန့်သတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။



သို့သော် ယခုနှစ်စ လများတွင် ဈေးနှုန်းအမြင့်ဖြင့် ဝယ်ယူခဲ့သော ပဲကုန်သေတ္တာအလုံးရေအများအပြားရှိရာ ပဲတစ်တန်လျှင် လက်ရှိဈေးအရ သိန်းချီအရှုံးရှိလာသည်။ မြန်မာပြည်ထွက် မတ်ပဲနှင့် ပဲစင်းငုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယပြည်တွင်း ပဲစိုက်ပျိုးထွက်ရှိခြင်း ပိုလာသဖြင့် ပြည်ပမှ ပဲတင်သွင်းခြင်းအပေါ် တန်ချိန်အရေအတွက် လျှော့ချလာသည့်သတင်းများ ထွက်ပေါ်လာရာ လောလောဆယ် ဝယ်လက်ပျောက်နေသကဲ့သို့ဖြစ်လာသည်။ ဈေးနှုန်းများ အကျဘက်သို့ ဦးတည်လာနိုင်သည်ဟု ပဲကုန်သည် ဦးသက်ခိုင်က ဆိုသည်။

ပြည်တွင်းကုန်စည်ဈေးကွက်တွင် ပဲနှင့် ပြည်ပ တစ်ဆင့်ပို့ကုန်ဖြစ်သော သကြားလုပ်ကိုင်သူများ အကျိုးအမြတ်မရဘဲ ယခုနှစ်အတွင်း အရှုံးနှင့် တွေ့ကြုံလာရသည်။ သို့သော် လှောင်ကုန်ဖြစ်သော ကြက်သွန်နီမှာ ပြည်ပဈေးများထက် ပြည်တွင်းတွင် ဈေးမြင့်နေပြီး ၂၀၁၅ ခုနှစ်မှစ၍ အကျိုးအမြတ်ရရှိနေဆဲဖြစ်သည်ဟု ကုန်စည်ဝယ်ယူ၍ နယ်သို့ပို့နေသူ ကိုဇော်ထွန်းက ပြောသည်။

ဩဂုတ် ၂၁ ရက်ထုတ် စီးပွားကူးသန်း COMMERCE အပတ်စဉ်ဂျာနယ်တွင် အိန္ဒိယပြည်တွင်းကြက်သွန်နီအသစ်ပေါ်ရန် တစ်လအလိုယခုရက်တွင် ကြက်သွန်နီ လက်ကားဈေးမှာ အလေးချိန် တစ်ကီလိုလျှင် ၂၀ မှ ၂၂ ရူပီး လက်လီ ၃၂ မှ ၄၀ ရူပီး ဝန်းကျင်သို့ ဈေးမြင့်လာသည်။ ကြက်သွန်နီထွက်ပေါ်ချိန်ကာလများတွင် ၁၀ မှ ၁၅ ရူပီးဝန်းကျင်သာရှိခဲ့သည်ဟု ဖော်ပြထားသည်။ ငွေလဲနှုန်းဖြင့်တွက်လျှင် လက်ကားတစ်ပိဿာ ကျပ် ၇၀၀ ဝန်းကျင်သာရှိသည်ဟုသိရသည်။

မြန်မာပြည်တွင်း ရန်ကုန်ဈေးကွက်တွင် ပြည်တွင်း ကြက်သွန်လက်ကျန်နည်းသည်ဆိုသော်လည်း တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်နေသော်လည်း အလုံးသေးတစ်ပိဿာလက်ကားဈေး ၁၂၇၅ ကျပ်၊ အလုံးကြီး ကျပ် ၁၆၅၀ ဖြင့် ဈေးထိန်းရောင်းနေဆဲဖြစ်သည်။

**(မောင်စေအောင်)**




# မှူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၂၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ လမ်းညွှန်ချက်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်နှင့် မြို့နယ်စခန်းမှူး ဒု-ရဲမှူး ချစ်ကိုကို ခေါင်းဆောင်သောအဖွဲ့သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဩဂုတ်လ တတိယပတ်က ဘီးလင်းမြို့နယ် ကဇိုင်း အထကကျောင်းရှေ့၌ သွားရောက်ပြသခဲ့သည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဉ်ပြသခြင်းနှင့်အတူ လာရောက်ကြည့်ရှုကြသော ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စခန်းမှူးတို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများကို ပညာပေးဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုလော၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ပုလော ဩဂုတ် ၂၃။** ။ ပုလောမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် World Vision(မြန်မာ)တို့ ပူးပေါင်းကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပုလောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ကျင်းပရာ ပုလောမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာပြုံးချိုက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခဲ့ကြသည်။ ယင်းနောက် ပုလောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အာဟာရအုပ်စု သုံးအုပ်စုနှင့်အညီ ချက်ပြုတ်စားသောက်နိုင်ရန် ဟင်းချက်နည်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင် ၅၅ ဦးအား အိုင်အိုဒင်းဆားနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို အသင်းနှင့် World Vision(မြန်မာ)နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**ဖျာပုံ ဩဂုတ် ၂၃**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို တိုင်းဒေသကြီးအဆင့် ပြန်လည်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားသည်။



ထို့နောက် (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ပြီး တရားလွှတ်တော် တရားသူကြီးများဖြစ်ကြသည့် ဒေါ်သိန်းသိန်းညွန့်၊ ဦးကျော်မင်း၊ ဦးမျိုးညွန့်နှင့် ဦးဝင်းမြင့်တို့က တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော်၌ကျင်းပခဲ့သည့် အဆိုပါရှင်းလင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ လက်ရှိတာဝန်ထမ်းဆောင်နေကြသော တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ အပါအဝင် စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ချမ်းမြသာစည်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေး

**မန္တလေး ဩဂုတ် ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒု-အထွေထွေမန်နေဂျာ (အင်ယာ-ဓာတ်ဖြန့်)နှင့် ခရိုင် လျှပ်စစ်မန်နေဂျာတို့သည် ယမန်နေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်အတွင်း ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သုည ဒသမ ၄ ကေဗွီဓာတ်အားလိုင်းအဟောင်းများအား ABC coated wire ဖြင့်လဲလှယ်ဆောင်ရွက်နေမှုနှင့် ပြည်သူများအား စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေးအတွက် ခွဲရုံများထိန်းသိမ်းပြုပြင်ရန် လိုအပ်ချက်များကို ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်

**မိုင်းခတ် ဩဂုတ် ၂၃**

မိုင်းခတ်မြို့နယ် မိုင်းဟန်(အမက)ရှိ ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့ကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က ငယ်ရွယ်စဉ်ကပင် စာဖတ်စေလိုကြောင်း၊ စာများများဖတ်မှသာ ဉာဏ်ရည်ဖွံ့ဖြိုးပြီး ဘဝတိုးတက်မည့်အကြောင်းများကို ဟောပြောပြီး ကလေးများအား ဌာနမှထုတ်ဝေသည့် ဒို့ကျေးရွာဂျာနယ် တစ်စောင်စီပေးဖတ်ကာ မေးခွန်းပေး၍ ဖြေဆိုစေကာ ရုပ်ပုံများကို ဆေးရောင်ခြယ်သည့်ပြိုင်ပွဲများပြုလုပ်ပေးခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲ၌ ဆုရကလေးများအား ဆုများချီးမြှင့်ပေးပြီး စာအုပ်ပြပွဲ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲများ ပြသခဲ့ကြောင်း သိရသည်။။

**မြို့နယ်(ပြန်/ဆက်)**



# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေအမှတ်သို့ ဒုတိယအကြိမ် ရောက်ရှိ

**ငါးသိုင်းချောင်း ဩဂုတ် ၂၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ ၂၇ ဒသမ ၁၀ ပေအထိရှိပြီး ၂၀၁၇ ခုနှစ်မိုးရာသီအတွင်း ဒုတိယအကြိမ် စိုးရိမ်ရေအမှတ်သို့ ထပ်မံရောက်ရှိလျက်ရှိကြောင်း သိရသည်။

ဇူလိုင်လအတွင်း ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေအမှတ်အထက် သုံးပေကျော်မြင့်တက်ခဲ့ပြီး ရေကြည်မြို့နယ်အတွင်းရှိ ရေကာတာ တာမိုင်အရှည် ၂၂ မိုင်အတွင်း ရေယိုစိမ့်ပေါက် ကိုးပေါက်သာ ဖြစ်ပေါ်ခဲ့ရာ အချိန်မီ ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ် မြစ်ရေစိုးရိမ်ရေအမှတ်အောက်ကျဆင်းသွားချိန်တွင် အဆိုပါရေယိုစိမ့်ပေါက်များအား မြေသားခွဲစိတ်ပြုပြင်ခြင်းလုပ်ငန်းကို အလျင်အမြန် ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခု ဒုတိယအကြိမ် မြစ်ရေတိုးမြင့်လာချိန်တွင် ရေကာတာကြံ့ခိုင်မှု ပိုမိုကောင်းမွန်သော အခြေအနေရရှိအောင် ဆောင်ရွက်ထားရှိပါကြောင်း၊ ငါးသိုင်းချောင်းမြို့နှင့် ပတ်ဝန်းကျင် စံပြကျေးရွာအနီး ငဝန်ရေကာတာ တာမိုင်အမှတ် (၄၄/၆)တွင် ရေယိုစိမ့်ပေါက် နှစ်နေရာနှင့် ငဝန်ရပ်ကွက် တာကြီးတန်းအနီး မိုင်တိုင် (၄၆/၅)တွင် လက်မဝက်ခန့် ရေယိုစိမ့်ပေါက်နှစ်ပေါက် စုစုပေါင်း လေးပေါက်ကိုလည်း မြေသားခွဲစိတ်ပြုပြင်ပြီးစီးခဲ့ကြောင်း။

မြစ်ရေဆက်လက်မြင့်တက်လာပြီး အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းသုံး ပစ္စည်းများကိုလည်း ရေကင်းစခန်းနှင့် ထောက်ပံ့ရေးစခန်းများ၌ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လက်ရှိရေအမှတ်တွင် ငဝန်ရေကာတာကြံ့ခိုင်မှုကောင်းမွန်နေပြီး စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငါးသိုင်းချောင်းမြို့ ဗောဓိရေကင်းစခန်း တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးနိုင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ငါးသိုင်းချောင်းမြို့ရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဒေသခံပြည်သူများမှာလည်း ပုံမှန်ဆက်သွယ်သွားလာရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ချင်းတွင်းမြစ် ရေထိန်းတံခါး ၂၇ ခုမှ စိုက်ပျိုးဧက ၃၂၀၀၀ ကျော်ကို စိုက်ပျိုးရေ အထောက်အကူပြုလျက်ရှိ

**မုံရွာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ ချင်းတွင်းမြစ်ရေလျှံမှုမှကာကွယ်နိုင်ရန်နှင့် စိုက်ပျိုးရေအတွက် အထောက်အကူဖြစ်စေရန် တည်ဆောက်ထားသော ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာပေါင်ကို HFL ထက် သုံးပေမြှင့်တင်ခဲ့ပြီး ရေထိန်းတံခါး ၂၇ ခုမှ ယခုအခါတွင် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ စိုက်ပျိုးဧက ၃၂၆၂၈ ဧကကို စိုက်ပျိုးရေ အလုံအလောက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ် တောင်ဘက်ခြမ်း ညောင်ပင်ဇောက်ရေတံခါးမှ ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအထိ တည်ဆောက်ထားသော မြစ်ရေတား တာပေါင်တစ်လျှောက်တွင် ရေသွင်း၊ ရေထုတ်ပြုလုပ်နိုင်သည့် ရေထိန်းတံခါး ၂၇ ခုအား တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။



"ရေထိန်းတံခါးတွေကို အဓိက တာပေါင်အရှေ့ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေ၊ ချင်းတွင်းမြစ်ရေလျှံမှုမှ ကာကွယ်နိုင်ဖို့၊ စိုက်ပျိုးမြေတွေမှာ လိုအပ်တဲ့ စိုက်ပျိုးရေတွေကို ရယူနိုင်ဖို့၊ မလိုအပ်တဲ့ရေတွေကို ပြန်လည်ထုတ်နိုင်ဖို့အတွက် ရေထိန်းတံခါးတွေကို ပြန်လည်ပြုပြင်တည်ဆောက်ပေးတာပါ။ အခု မြစ်ရေကြီးလာတဲ့အချိန်မှာ မြစ်ရေကို တားနိုင်သလို လိုအပ်နေတဲ့ စိုက်ပျိုးရေကိုလည်း အလုံအလောက် ရယူနိုင်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ် ရေတားတာပေါင်တစ်လျှောက်ဖြစ်သော မုံရွာမြို့နယ်တောင်ဘက်ခြမ်း ညောင်ပင်ဇောက်ရေတံခါးမှ ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအထိ ရေထိန်းတံခါး ၂၇ ခုသည် မုံရွာမြို့နယ်အတွင်းမှ စိုက်ပျိုးဧက ၅၁၅၄ ဧက၊ ချောင်းဦးမြို့နယ်အတွင်းမှ စိုက်ပျိုးဧက ၂၇၄၇၄ ဧကကို အထောက်အကူဖြစ်စေသည့်အပြင် ကျေးရွာများ၏ ရေကြီးရေလျှံမှုကိုလည်း ကာကွယ်ပေးလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး

**ကျွန်းလှ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများ၊ စားသုံးရန်မသင့်သောအစားအစာများနှင့် ဆေးပစ္စည်းများ၊ ဓာတုဆေးပါဝင်သော အစားအစာများအကြောင်းကို တာဝန်ရှိသူများက အသိပညာပေးဆွေးနွေးကြသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းပိုက လုပ်ငန်းရှင်များ၏ တာဝန်များနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအကြောင်း ရှင်းလင်းပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ သတင်းရဲတပ်ဖွဲ့ ဒု-တပ်ဖွဲ့ခွဲအမှတ် ၂/၂ (မအူပင်တပ်ဖွဲ့စု)မှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူး ဝင်းအောင် ဦးစီးသော သတင်းရဲတပ်ဖွဲ့ဝင်များ လူစည်ကားရာနေရာများ၌ ယနေ့ နံနက် ၈ နာရီက H1N1ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအထောက်အကူပြု ပါးစပ်၊ နှာခေါင်းစည်းများကို ခရီးသွားပြည်သူများအား ဝေငှတပ်ဆင်ပေးစဉ်။ **(သပြေထွန်း)**

# လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းအတွက် ဆုချီးမြှင့်နိုင်ရန် ညှိနှိုင်းစည်းဝေး

**ပေါင် ဩဂုတ် ၂၃။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ကျေးရွာအုပ်စုများအား ဆုချီးမြှင့်နိုင်ရန်အတွက် သုံးသပ်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာများနှင့် ကျေးရွာအုပ်စုများအား ရွေးချယ်ရမည့် စံနှုန်းများ၊ ဆန်ခါတင်ကျေးရွာများသို့ လေ့လာရေးခရီးသွားရောက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၂ ရက်တွင် မန္တလေး -မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၄၆ စီး၊ သွင်းကုန် ၄၁၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၂၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် သြဂုတ် ၂၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် မှန်လုံယာဉ်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Computer Spare Parts ANT MINER MDL # S9-13.5T(8)U (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၀၆ သန်းခန့်)အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အကြမ်းဖက်သမားများနှင့် ပတ်သက်သူတစ်ဦးနှင့် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အကြမ်းဖက်သမားများနှင့် ပတ်သက်သူတစ်ဦးနှင့် တရားခံပြေးတစ်ဦးအား ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ ညနေ ၃ နာရီခန့်က မောင်တောမြို့နယ် ရေနောက်ငါးသား(မြောက်)ရွာ၌ အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်သူ ရော်ရှီအာမောက်(ခ)အိန်ဂျယ်ရှော်ရှီအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖုန်းအားစစ်ဆေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သတင်းပေးသူများ၏ လှုပ်ရှားမှုများအား အကြမ်းဖက်သမားများထံသို့ ဆက်သွယ်သတင်းပေးပို့ထားကြောင်း တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူသတ်မှုဖြစ်စဉ်တစ်ခုတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဖွေယာဇူအစ္စလာမ် (ခ) ဖွေရာဇူလာအား ယမန်နေ့ ညနေ ၆ နာရီခန့်က ရွာသစ်ကေကျေးရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် သြဂုတ် ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇူလကျေးရွာမှ ခေတ္တအုပ်ချုပ်ရေးမှူးအား ယမန်နေ့ ညပိုင်းက အကြမ်းဖက်သမား ၂၅ ဦးခန့်က ဓားဖြင့် ဝိုင်းခုတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဇူလကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဟာကူရာမာန်သည် ယမန်နေ့ ည ၇ နာရီခန့်တွင် ၎င်း၏ နေအိမ်သို့ ဓား၊ လှံများကိုင်ဆောင်ထားပြီး နဖူးတွင်အနက်ရောင် ပိတ်စများ စည်းထားသည့် အကြမ်းဖက်သမား ၂၅ ဦးခန့် ရောက်ရှိနေကြောင်း တာဝန်ရှိသူများထံ ဖုန်းဆက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းစဉ် အကြမ်းဖက်သမားများမှာ ထွက်ပြေးသွားခဲ့ပြီး ခေတ္တအုပ်ချုပ်ရေးမှူး ဟာကူရာမာန်သည် လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်နှင့် မူးယစ်ဆေးဝါး တရားမဝင်ကုန်ပစ္စည်းများဖမ်းဆီးရေး စုပေါင်းဂိတ်လေးခုဖွင့်ရန် စီစဉ်

**မုံရွာ သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်ကုန်ပစ္စည်းများကိုအဖွဲ့ပေါင်းစုံဖြင့် ဖမ်းဆီးထိန်းသိမ်းနိုင်ရန် စုပေါင်းဂိတ်လေးခုဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက သစ်တောအပါအဝင် အခြားဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး စုပေါင်းဂိတ်လေးခုဖွင့်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့သစ်တောဌာန တစ်ခုတည်းကျတော့ အန္တရာယ်လည်းများ၊ အလုပ်မနိုင်မနင်းတွေလည်း ဖြစ်နေတဲ့အတွက်ရယ်၊ အင်အားကလည်း မလောက်တဲ့အတွက်အစိုးရအဖွဲ့က စုပေါင်းဂိတ် ဖွင့်နိုင်ဖို့စီစဉ်နေပါတယ်။ အခုက မြို့ပေါ်မှာလုပ်တာမဟုတ်ဘူး။ တောထဲနဲ့တောစပ်တွေမှာ အဓိကထားလုပ်သွားမယ်"ဟု ဦးခင်မောင်ဝင်းက ပြောပြသည်။

စုပေါင်းဂိတ်လေးနေရာကို တန့်ဆည်မြို့နယ် မဟာမြိုင်အထွက်အနီးမှ တောချဉ်ဒေသတွင် စခန်းတစ်ခု၊ ယင်းမာပင်ခရိုင် အလောင်းတော်ကဿပမှ ကွမ်းပင်ရေဒေသတွင် စခန်းတစ်ခု၊ ကသာခရိုင် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်မှ မဲဇာချောင်းကူးတံတားထိပ်တွင် စခန်းတစ်ခုနှင့် အင်းတော်မြို့နယ် နဘားအထွက်ဘက်တွင် စခန်းတစ်ခု စုစုပေါင်း ဂိတ်လေးခု မကြာမီ ဖွင့်လှစ်နိုင်ရန်စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

တရားမဝင်သစ် ဖမ်းဆီးထိန်းသိမ်းရေးသာမက မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်ပစ္စည်းများနှင့် ဆက်စပ်သည့်ကိစ္စများကိုပါ တစ်ပေါင်းတည်း ဆောင်ရွက်လိုက်မည်ဆိုလျှင် ပိုမိုထိရောက်စေမည်ဖြစ်သည့်အပြင် ဝန်ထမ်းတစ်ဦးနှင့်တစ်ဦး ပြန်လည်ထိန်းကျောင်းနိုင်ရန်အတွက် ရည်ရွယ်၍ စုပေါင်းဂိတ်လေးနေရာ ဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဘူးသီးတောင်မြို့နယ်၌ တရားမဝင်လာရောက်နေထိုင်သူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူပွိကျေးရွာ၌ သြဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက တရားမဝင်လာရောက်နေထိုင်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်က ဂူပွိကျေးရွာ၌ တရားမဝင်လာရောက်နေထိုင်သူ ဟူမာယုန်ခေါ် ဘီအပါအဝင် နှစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ

**နေပြည်တော် သြဂုတ် ၂၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**(ကြေးမုံ)**



# ညောင်ပင်လဲကျသဖြင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းဆောင်ရွက်ပေး

**နေပြည်တော် သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ညောင်ပင်မှာ ကျောင်းဝင်းအတွင်းရေဝင်ရောက်စဉ် သြဂုတ် ၂၁ ရက်က လဲပြိုကျသွားခဲ့သဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲထွဋ်အောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးသန်းထွန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာနေပြည်သူများ စုစုပေါင်းအင်အား ၇၀ တို့က သွားရောက်ဖယ်ရှား ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဧရာဝတီမြစ်အတွင်းမှ တရားမဝင်ကျွန်းသစ်နှင့်ကညင်သစ်များ သိမ်းဆည်းရမိ

**အင်းတော် သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် နလအင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်းတွင် မြစ်ရေတိုးနေသည်ကို အခွင့်ကောင်းယူ၍ ထင်းဖောင်များအောက်၌ တွဲဝှက်ပြီး သယ်ဆောင်လာသော တရားမဝင်ကျွန်းသစ်နှင့် ကညင်သစ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ သြဂုတ် ၂၁ ရက်က ကသာခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိဦးတင်ထွဏ်းနှင့် သစ်တောဝန်ထမ်းများသည် ကသာမြို့နယ် နလအင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ထင်းဖောင်ခုနစ်ဖောင် တွေ့ရှိ၍ ညောင်ခြေထောက်ဆိပ်ကမ်းသို့ ဆွဲယူဆိုက်ကပ်ရှာဖွေရာ ထင်းဖောင်များအောက်၌ တွဲ၍ဝှက်ပြီး သယ်ဆောင်လာသော တရားမဝင် ကျွန်းသစ်နှင့် ကညင်သစ်လုံး ၂၁၀၊ သစ်တန် ၃၀ ခန့်ကို ပိုင်ရှင်ခုနစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့၍ ကသာမြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ရွန်းနီမှာ အသိအမှတ်ပြုခံရမှုနည်းပါးသည့် ကစားသမားဟု ဂယ်ရီလိုင်နီကာ ယူဆ

ရွန်းနီမှာ ဂရိတ်ဗြိတိန်၏ ထာဝရအကောင်းဆုံးထိပ်တန်းကစားသမား ၁၀ ဦးတွင် ပါဝင်သူဖြစ်သော်လည်း စွမ်းဆောင်ရည်ပိုင်းနှင့်ယှဉ်လျှင် အသိအမှတ်ပြုခံရမှု နည်းပါးသူဖြစ်ကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း ဂယ်ရီလိုင်နီကာက ၎င်း၏ယူဆချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ အသက်(၃၁)နှစ်အရွယ် တိုက်စစ်မှူး ဝိန်းရွန်းနီသည် မန်စီးတီးနှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် သူ၏ ပရီမီယာလိဂ်(၂၀၀)ပြည့်မြောက် သွင်းဂိုးကို သွင်းယူနိုင်ခဲ့သလို မန်ယူနှင့် အင်္ဂလန်လက်ရွေးစင်အသင်းနှစ်သင်းစလုံး၏ ထာဝရသွင်းဂိုးစံချိန်ရှင်လည်းဖြစ်သည်။

ရွန်းနီမှာ ခြေစွမ်းပိုင်းထက် အသိအမှတ်ပြုခံရမှု နည်းပါးတဲ့ကစားသမားဖြစ်သလားဟူသော မေးခွန်းကို မေးမြန်းခံရချိန်တွင် "ဖြစ်နိုင်ပါတယ်။ သူဟာ မယုံနိုင်စရာကောင်းလောက်တဲ့ အသက်မွေးဝမ်းကျောင်း ဘဝကိုတည်ထောင်နိုင်သူပါ"ဟု ပြန်လည်ဖြေကြားခဲ့သည်။ ရွန်းနီ အသက်(၁၈)နှစ်အရွယ်ကတည်းက အင်္ဂလန်လက်ရွေးစင်ကစားသမားအဖြစ် ရွေးချယ်ခံရသူဖြစ်ပြီး ၂၀၀၄ ယူရိုဖလားပြိုင်ပွဲအတွင်း သွင်းဂိုး လေးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ သို့သော် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း မန်ယူနည်းပြ မော်ရင်ဟိုလက်အောက်တွင် ၂၅ ပွဲသာ ဝင်ရောက်ကစားခွင့်ရခဲ့သလို အင်္ဂလန်လက်ရွေးစင်လူစာရင်းမှလည်း ချန်လှပ်ခံခဲ့ရသည်။



## နေမာနေရာ မည်သူအစားထိုးမလဲ မသိရသေးသမျှ ဘာစီလိုနာနှင့် စာချုပ်သစ် ချုပ်ဆိုရေးကို မက်ဆီဆိုင်းငံ့ထားမည်

ဘာစီလိုနာ စူပါစတားလီယွန်နယ်မက်ဆီက နေမာနေရာ အစားထိုးမယ့်ကစားသမားကို ဘာကာဘက်မှ တိတိကျကျအကောင်အထည်မဖော်ပြနိုင်သေးသမျှ စာချုပ်သက်တမ်းတိုးရေးကိစ္စကိုလည်း ဆိုင်းငံ့ထားဦးမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းက မက်ဆီနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဟုကြေညာခဲ့သော်လည်း ဒုဥက္ကဋ္ဌ မက်ထရီက မက်ဆီမှာ ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးရခြင်းမရှိသေးကြောင်း ဩဂုတ် ၁၇ ရက်တွင် အံ့အားသင့်ဖွယ်ရာ ပြောကြားခဲ့သည်။ မက်ထရီ၏ ယခုထုတ်ဖော်ပြောကြားချက်က ပီအက်စ်ဂျီသို့ နေမာပြောင်းရွှေ့သွားခြင်းကြောင့် စိတ်ပျက်နေသော ဘာစီလိုနာပရိသတ်များအတွက် နောက်ထပ် စိတ်မချမ်းမြေ့ဖွယ် သတင်းဆိုးပင် ဖြစ်သည်။

မက်ဆီအပါအဝင် ဘာစီလိုနာ ကြယ်ပွင့်ကစားသမားအတော်များများက ဘာစီလိုနာအသင်း၏ လက်ရှိ အပြောင်းအရွှေ့မူဝါဒအပေါ် စိတ်ပျက်နေကြောင်း စပိန်သတင်းစာမာကာက ဖော်ပြခဲ့သည်။ ဘာကာဥက္ကဋ္ဌ ဘာတိုမူအနေဖြင့် မက်ဆီ၏အနေအထားအပေါ် နားလည်ရမည်ဖြစ်သလို မက်ဆီနှင့် သဘောတူညီချက်ရရှိရန်အတွက် ကစားသမားသစ်များကိုခေါ်ယူနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းမှုများလည်း ရှိနေသည်။ ပြီးခဲ့သည့်ရက်ကပင် ဥက္ကဋ္ဌဟောင်း လာပေါ်တာက ဘာတိုမူသာ ဘာကာ ဥက္ကဋ္ဌအဖြစ် ဆက်ရှိနေမည်ဆိုလျှင် လာမည့်နှစ်ပိုင်းအတွင်း မက်ဆီကိုပင် ဘာကာ ဆုံးရှုံးရနိုင်ကြောင်း ဝေဖန်ခဲ့သည်။ မက်ဆီအနေဖြင့် အပြောင်းအရွှေ့ရာသီ ပိတ်သိမ်းချိန် စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်သည်ဟူသော ယူဆချက်များရှိနေသလို ကာယကံရှင်ကိုယ်တိုင်က ဘာကာတွင် ဆက်နေလိုသော်လည်း နေမာ၏ အပြောင်းအရွှေ့ကိစ္စရပ်အတွက် ယခုထိ စိတ်အနှောင့်အယှက်ဖြစ်နေဆဲပင်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် နေမာနေရာ အစားထိုးနိုင်မည့် ကစားသမားကို ယခုထိ ခေါ်ယူနိုင်ခြင်းမရှိဘဲ တိုက်စစ်ပိုင်းအတွက် ဒီလိုဖူတစ်ဦးတည်းကိုသာ အဲဗာတန်အသင်းမှ ပေါင် ၁၀ ဒသမ ၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။ စပိန်စူပါဖလားပြိုင်ပွဲအတွင်းတွင်လည်း မက်ဆီမှာ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်နှင့် ပြဿနာဖြစ်ပွားခဲ့သေးသည်။



မေလဲ့သင်း စုစည်းသည်

## အာဆင်နယ်နဲ့ စပါး နိုင်ပွဲပြန်လည်ရယူနိုင်မှာလား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၃

ပရီမီယာလိဂ်ပွဲစဉ် (၂) မှာအာဆင်နယ်က ရှုံးပွဲကြုံခဲ့ပြီး ဒီပွဲစဉ်မှာလည်း အာဆင်နယ်အနေနဲ့ အဝေးကွင်းမှာ လီဗာပူးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ခက်ခဲလာမှာ သေချာနေသလို မန်ယူကလည်း လက်စတာနဲ့ရင်ဆိုင်ရမှာဖြစ်လို့ ပွဲကျပ်စတင်ကြုံတွေ့နေပါတယ်။

### ဘုန်းမောက် - မန်စီးတီး ည ၆း၀၀ (၂၆-၈-၁၇)

ဘုန်းမောက်ဟာ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတာကြောင့် အားစိုက်ကစားလာမှာသေချာနေပေမယ့် မန်စီးတီးကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပါတယ်။ အထူးသဖြင့် ဘုန်းမောက်ရဲ့တိုက်စစ်ပိုင်းက အဆိုပါနှစ်ပွဲမှာ ဂိုးသွင်းယူနိုင်မှုမရှိခဲ့ဘဲ အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကို အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်ပေမယ့် ဘုန်းမောက်အနေနဲ့ မန်စီးတီးကိုတုံ့ပြန်နိုင်ဖို့ ခက်ခဲနေကာ မန်စီးတီးပဲ အနိုင်ရသွားဖို့ရှိပါတယ်။

### ပဲလေ့စ် - ဆွမ်ဆီး ည ၈း၃၀ (၂၆-၈-၁၇)

ပဲလေ့စ်က နှစ်ပွဲဆက်အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း လီဗာပူးကို အရေးနိမ့်ခဲ့ရတဲ့ပွဲမှာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိခဲ့ပြီး အကောင်းဆုံး တုံ့ပြန်ကစားနိုင်ကာ တစ်ဂိုး-ဂိုးမရှိနဲ့သာ ကပ်ပြီးအရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာသာ ပဲလေ့စ်အနေနဲ့ နိုင်ပွဲစတင်ရယူနိုင်ဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာရင် ဆွမ်ဆီးကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ရှိနေပါတယ်။ ဆွမ်ဆီးကတော့ ခြေစွမ်းပိုင်းသာမန်သာရှိသလို တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေ ရှိနေပါတယ်။ ပဲလေ့စ် နိုင်ပွဲရသွားနိုင်ပါတယ်။

### ဝက်ဖို့ဒ် - ဘရိုက်တန် ည ၈း၃၀ (၂၆-၈-၁၇)

ဒီရာသီမှာ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းကကောင်းမွန်မှုရှိနေပြီး နှစ်ပွဲကစားပြီးချိန်မှာ လီဗာပူးကို သရေ၊ ဘုန်းမောက်ကို အဝေးကွင်းမှာ အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ဝက်ဖို့ဒ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဘရိုက်တန်ကတော့ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ရကာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဝက်ဖို့ဒ်ပဲ အနိုင်ရမယ်။

### မန်ယူ - လက်စတာ ည ၁၁း၀၀ (၂၆-၈-၁၇)

မန်ယူရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ ကွင်းလယ်ကစားပုံရော တိုက်စစ်ကစားပုံပါကောင်းမွန်နေသလို အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာနိုင်ပါတယ်။ ဒါပေမယ့်လည်း လက်စတာခြေက တည်ငြိမ်မှုရှိနေတယ်လို့ဆိုနိုင်ပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ ကစားရခက်ခဲနိုင်ပြီး ဂိုးပြတ်နိုင်ပွဲရဖို့ ခက်ခဲနေပါတယ်။

### ချယ်လ်ဆီး - အဲဗာတန် ည ၇း၀၀ (၂၇-၈-၁၇)

စပါးကို အနိုင်ရခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးကစားပုံ ကောင်းမွန်မှုရှိခဲ့ပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက စပါးတိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးရဲ့တိုက်စစ်ပိုင်းကတော့ ဂိုးရရှိရေး အခက်အခဲတွေနဲ့ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒ့ါအပြင် အဲဗာတန်ကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး ကစားသမားကောင်းတွေ ခေါ်ယူထားတာကြောင့်လည်း အသင်းလိုက်စုဖွဲ့မှု ပိုမိုတောင့်တင်းလာပါတယ်။ ချယ်လ်ဆီး အနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့ခက်တယ်။

### ဝက်စ်ဘရွန်း - စတုတ် ည ၇း၀၀ (၂၇-၈-၁၇)

လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းက အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုတွေကြောင့် ခံစစ်ပိုင်းမာကျောတဲ့ စတုတ်ကိုအသာရဖို့ခက်ပါတယ်။ ဒါပေမယ့် စတုတ်ရဲ့တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေကာ နှစ်ပွဲကစားပြီးချိန်မှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းမှာ ခံစစ်ကစားပုံတည်ငြိမ်တတ်တဲ့ ဝက်စ်ဘရွန်းကို အသာရဖို့ ခက်တယ်။ သွင်းဂိုးနည်းနည်းနဲ့ သရေကျနိုင်တယ်။

### စပါး - ဘန်လေ ည ၉း၃၀ (၂၇-၈-၁၇)

ချယ်လ်ဆီးနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရပေမယ့်လည်း စပါးကစားပုံ ကောင်းမွန်မှုရှိခဲ့ပါတယ်။ ကွင်းလယ်စုဖွဲ့မှုကောင်းသလို တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ကစားပုံကောင်းမွန်ခဲ့ပြီး ချယ်လ်ဆီးခံစစ်ကစားပုံကောင်းမွန်ခဲ့တာကြောင့်သာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း စပါးအနေနဲ့ ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဘန်လေကတော့ အဝေးကွင်းမှာ အသင်းကြီးတွေကို အကောင်းဆုံးခံကစားနိုင်ပေမယ့် ဒီပွဲမှာတော့ အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားလာမယ့် စပါးပဲ အနိုင်ရမယ်။

### လီဗာပူး - အာဆင်နယ် ည ၉း၃၀ (၂၇-၈-၁၇)

အာဆင်နယ်ဟာ စတုတ်ကိုအရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း လီဗာပူးကိုတော့ အနိုင်ရယူနိုင်ဖို့ ခက်ပါတယ်။ အာဆင်နယ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်သေးသလို တိုက်စစ်ကစားပုံလည်း တည်ငြိမ်မှုမရှိသေးပါဘူး။ လီဗာပူးကတော့ ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ အာဆင်နယ်သရေလောက်ပဲရမယ်။

### ကာဆယ် - ဝက်စ်ဟမ်း ည ၈း၃၀ (၂၆-၈-၁၇)

ဟက်ဒါဖီးလ်ကို အရေးနိမ့်ခဲ့ရပြီးတဲ့နောက်မှာ ကာဆယ်ဟာ နှစ်ပွဲဆက်အနိုင်မရတဲ့အဖြစ်နဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ကာဆယ်ဟာ တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒ့ါအပြင် ဆောက်သမ်တန်နဲ့ပွဲမှာ တစ်ယောက်လျော့အနေအထားနဲ့တောင် သရေရလုနီးနီး ကစားနိုင်ခဲ့တဲ့ ခြေကလည်း ကောင်းမွန်မှုရှိခဲ့ပါတယ်။ ကာဆယ်အတွက် အမြင့်ဆုံးသရေပါ။

### ဟက်ဒါဖီးလ် - ဆောက်သမ်တန် ည ၈း၃၀ (၂၆-၈-၁၇)

နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့တဲ့ ဟက်ဒါဖီးလ်ခြေက ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အဆိုပါနှစ်ပွဲမှာ ပေးဂိုးမရှိသေးတဲ့ ခံစစ်က ကစားပုံတည်ငြိမ်မှုရှိတာကိုတွေ့ရပါတယ်။ ဆောက်သမ်တန်ကတော့ ဝက်စ်ဟမ်းကို အနိုင်ရယူနိုင်ခဲ့တာမှန်ပေမယ့် အဆိုပါပွဲမှာ တစ်ယောက်အသာရခဲ့တာတောင်မှ နိုင်ပွဲရအောင် ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားရှိနေတဲ့ ဟက်ဒါဖီးလ်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။




# မလှိုင်မြို့နယ်တွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်ကြီးကန် တာပေါင်ကျိုးပေါက်

**မလှိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဩဂုတ် ၂၂ ရက် နံနက် ၂ နာရီက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေချိုဘူတာအုပ်စု ဆည်ကြီးကျေးရွာအနောက်ဘက် ကွင်းအမှတ်(၄၄၆) ရှိ ဆည်ကြီး တစ်ဖက်ဆည်ကန် တာပေါင်ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် ဆည်ကြီးကျေးရွာအနီးရှိ ဆည်ကြီးကန်သည် အကျယ် ပေ ၄၀ ခန့်ရှိ တာပေါင်ကျိုးပေါက်ခဲ့ပြီး အောက်ဘက်ရှိ ချောင်းရိုးတစ်လျှောက် ရေများစီးဆင်းသွားသဖြင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ကန်အောက်ဘက်ရှိ ဆည်ကြီးကျေးရွာနှင့် ဖျောက်ဆိပ်ကုန်းကျေးရွာဆက်သွယ်သည့် မြေသားလမ်းမှာ ရေတိုက်စားခဲ့ကြောင်းသိရသည်။ အဆိုပါကန်သည် ယမန်နှစ် မိုးတွင်းကာလကလည်း တာပေါင်ကျိုးပေါက်ခဲ့ပြီး ကျေးရွာလူထု၏အစီအစဉ်ဖြင့် ပြန်လည်ဆည်ဖို့ထားခြင်းဖြစ်သည်။ ကန်၏ တာပေါင်အလျားမှာ ပေ ၆၀၀၊ အမြင့် ၁၀ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိသည်။

အဆိုပါကန်သည် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်များ သောက်သုံးနေသည့် ကန်ဖြစ်သည့်အပြင် ကန်ကို အမှီပြု၍ တူးဖော်ထားသော ကန်၏အောက်ဘက်ရှိ ရေတွင်းကို ဆည်ကြီးကျေးရွာနှင့် ကုက္ကိုခွက်ကျေးရွာများမှ ဒေသခံပြည်သူအများသောက်သုံးရေအဖြစ် အသုံးပြုနေရသဖြင့် ဒေသခံများအတွက် အားထားရသော ကန်ဖြစ်ကြောင်း သိရသည်။



အဆိုပါကန် ကျိုးပေါက်ရာနေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ ဒေါ်ဆွေဆွေဝင်း (ဒုတိယဦးစီးမှူး၊ထွေ/အုပ်)၊ဒေါ်ဆွေဆွေ (မြို့နယ်ဦးစီးမှူး ၊လမ်းဦးစီးဌာန )၊ ဒေါ်လှလှဦး (အငယ်တန်း အင်ဂျင်နီယာ-၂ ၊ လမ်းတံတားဌာနခွဲ၊ လမ်းဦးစီးဌာန)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ၊ ဆည်မြောင်းဦးစီးဌာနနှင့် အခြားတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ သုံးသိန်းကျော် စိုက်ထည့်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ဂေါဝန်ဆိပ်ကမ်းအနီးဧရာဝတီမြစ်ရေပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များသည် ရေပေါ်ဟိုတယ်ရေယာဉ်ပေါ်မှလည်းကောင်း၊ မြစ်ကြောင်းတစ်လျှောက်ရေယာဉ်ဖြင့်လည်းကောင်း ငါးမြစ်ချင်းကောင်ရေသုံးသိန်းခွဲကို ဧရာဝတီမြစ်အတွင်း စိုက်ထည့်ပေးကြသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေရှည်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေး၊ ငါးသယံဇာတရေရှည်တည်တံ့တိုးပွားစေရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ရေလုပ်သားများ၊ ကျေးလက်နေပြည်သူများဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် မြစ်ချောင်းများ၊ ဆည်ကန်များအတွင်းသို့ နှစ်စဉ်ငါးသားပေါက်များ စိုက်ထည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တိုင်းရင်းသားမျိုးနွယ်စုများအား ပထမဆုံးအကြိမ် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ စတင်ထုတ်ပေး

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအား ဩဂုတ် ၁၉ ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပထမဆုံးအကြိမ် စတင်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

၎င်းတို့မှာ မိုးကုတ်မြို့နယ်အတွင်း ရှေးနှစ်ပေါင်းများစွာ ကတည်းက နေထိုင်ခဲ့ကြပြီး အိမ်ထောင်စုစာရင်းမရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ရန် အခက်အခဲများဖြစ်ပေါ်နေခြင်းကြောင့် ၎င်းလူမျိုးစုများ၏ တောင်းဆိုတင်ပြချက်များအရ သက်ဆိုင်ရာလဝကဌာနနှင့် ညှိနှိုင်းဆွေးနွေးကာ ဘက်ပေါင်းစုံလစ်ဟာမှုမရှိစေဘဲ မြန်ဆန်သည့်နည်းလမ်းဖြင့်ဆုံးဖြတ်ကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"နိုင်ငံသားမှတ်ပုံတင်မရှိလို့ သူတို့တစ်တွေ သွားလာရေး၊ စီးပွားရေး၊ ပညာရေးတွေအတွက် အခက်အခဲဖြစ်နေတာကို ကျွန်တော်တို့အစိုးရအဖွဲ့က ဖြေရှင်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် အခြေခံစာရင်းကောက်ယူဖို့ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ လျှောက်ထားသူများရဲ့ မိဘ၊ ဘိုး၊ ဘွားတွေ ကိုင်ဆောင်ခဲ့တဲ့ လက်မှတ်တွေအပေါ်မှာ မူတည်ပြီး အဆင့် ၁၀ ဆင့်နဲ့ ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီနည်းလမ်းဟာ လဝကဌာနအနေနဲ့လည်း မြန်မာနိုင်ငံသားဥပဒေနဲ့အညီ ဆောင်ရွက်ပေးတာဖြစ်သလို တိုင်းရင်းသားလူမျိုးတွေအတွက်လည်း လိုအပ်နေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ လွယ်ကူလျင်မြန်စွာရရှိလာကြမှာဖြစ်ပါတယ်" ဟု ဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

ယခုအခါ တိုင်းရင်းသားလူမျိုးစုများသည် အသိပညာကြွယ်ဝလာသည်နှင့်အမျှ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားရှိမှု အရေးပါကြောင်းကို သိရှိလာသည့်အတွက် တောင်းဆိုမှုများရှိလာခြင်းကြောင့် တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေးနှင့် ရပိုင်ခွင့်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောကြားသည်။

"နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတာက သူတို့အတွက် မဲပေးဖို့ အခွင့်အရေးဆုံးရှုံးနေတယ်။ ဒါကို အရင်ကလည်း ကိုင်တွယ်ရခက်ခဲတဲ့အတွက် မကိုင်တွယ်ခဲ့ကြဘူး။ ကျွန်တော်တို့ အစိုးရလက်ထက်မှာတော့ နိုင်ငံသားတွေရဲ့ အခွင့်အရေးဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးတဲ့အပြင် တိုင်းရင်းသားတွေကလည်း လိုလိုလားလားနဲ့ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့လို့ အခုလို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေသာမက အိမ်ထောင်စု လူဦးရေစာရင်းတွေကိုပါ တစ်ပါတည်း ထုတ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောသည်။

မြန်မာနိုင်ငံတွင် မိုးပွင့်စီမံချက်ဖြင့် ငါးနှစ်ဆက်တိုက် ကျေးရွာများအထိ ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သော်လည်း မိုးကုတ်မြို့တွင် နှစ်ရှည်လများ ဝန်ထမ်းအင်အားမပြည့်စုံခြင်းကြောင့် ဆောင်ရွက်ပေးမှုအားနည်းခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ ယခုလို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးတင်ချယ်က ပြောကြားသည်။

"ဒီလိုဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ဝန်ထမ်းတွေက တစ်လလောက်ကြိုတင်ကွင်းဆင်းပြီး မြေပြင်အခြေအနေတွေကို ဆောင်ရွက်ခဲ့ပါတယ်။ လိုအပ်ချက်တွေကို တိုင်းဒေသကြီးဝန်ကြီးနဲ့ တိုင်ပင်ပြီး ဝန်ကြီးရဲ့ ပံ့ပိုးမှုတွေနဲ့ ဆောင်ရွက်ခဲ့တာပါ။ ဒီလိုလုပ်ပေးနိုင်ဖို့ ကျွန်တော်တို့ ဝန်ထမ်းတွေအပြင် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့တွေကလည်း အားတက်သရော အထောက်အကူပြုအဖွဲ့တွေဖွဲ့စည်းပြီး ကိုယ်တိုင်ပါဝင်ကူညီပေးခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို မိုးကုတ်မြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ဩဂုတ်လ ၁၉ ရက်က ကျင်းပခဲ့ရာ အခြေခံပညာကျောင်း ၁၀ ကျောင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသော တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများ အပါအဝင် စုစုပေါင်း ၂၄၁၀ ဦးတို့ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်နိုင်ခဲ့သည့်အပြင် မိုးကုတ်မြို့ လယ်ဦးရပ်ကွက် သံလွင်တောင်ရှိ အိမ်ထောင်စုပေါင်း ၉၂ စုအတွက် အိမ်ထောင်စုလူဦးရေစာရင်းများကိုလည်း တစ်ပါးတည်း ထုတ်ပေးခဲ့ကြောင်းနှင့် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ လေးသိန်းကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး ၎င်းတို့အနက် တစ်နိုင်ငံလုံး၏ လေးပုံတစ်ပုံဖြစ်သော ၁၀၀၈၂၉ ဦးကို မန္တလေးတိုင်းဒေသကြီးမှ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်ရန် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်ရေး တင်ဒါကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ လျှပ်စစ်/စွမ်းအင်၊ စီမံဘဏ္ဍာ၊ စက်မှုကဏ္ဍများ တာဝန်ခံ) ဦးတင်ထွဋ်က အဖွင့်အမှာစကားပြောကြားပြီး တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးခင်မောင်အေးက တင်ဒါ ခေါ်ယူဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်ရေးတင်ဒါကော်မတီဝင်များ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဝင်များ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက မိမိဌာနအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနှင့်ပတ်သက်၍ ဖြည့်စွက် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ တာဝန်ခံများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက မိမိတို့ကဏ္ဍများအလိုက် ဘဏ္ဍာငွေလွှဲပြောင်းသုံးစွဲခြင်း၊ ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံခြင်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ -(ရွှေကုက္ကိုု)



# ချင်းပြည်နယ်၌ ရေအားလျှပ်စစ်စီမံကိန်းသုံးခု ယခုနှစ်အတွင်းတည်ဆောက်ရန်စီစဉ်

**ရိုခေါဒါရ် ဩဂုတ် ၂၃**

ချင်းပြည်နယ်၌ အသေးစားရေအားလျှပ်စစ်စီမံကိန်းသုံးခုကို ယခုနှစ်အတွင်းတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

ချင်းပြည်နယ်၌ ရေအားလျှပ်စစ်စီမံကိန်းသုံးခုတည်ဆောက်ရာတွင် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများမှထွက်ရှိလာသောလျှပ်စစ်ဓာတ်အားများကို ချင်းပြည်နယ်အတွင်းရှိ ရေဇွာ၊ ရိုခေါဒါရ်၊ တွန်းဇံနှင့် ကျီခါးမြို့များသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်ကိုပြည်ပလုပ်ငန်းတွေ လာရောက်လုပ်ကိုင်ရင်းနှီးမြှုပ်နှံချင်ပေမယ့်လည်း တချို့မြို့တွေက လျှပ်စစ်ဓာတ်အား ၂၄ နာရီမရသေးဘူး။ ဒါကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးများများ ဝင်ရောက်လာအောင် ရည်ရွယ်ချက်နဲ့ ရေအားလျှပ်စစ်စီမံကိန်းသုံးခုကိုအကောင်အထည်ဖော်တည်ဆောက်သွားမှာပါ။ အဲဒီ စီမံကိန်းသုံးခုကို ဘယ်မြို့တွေမှာ တည်ဆောက်မယ်ဆိုတာကိုတော့ အတိအကျရွေးချယ်ထားတာမရှိသေးပါဘူး။ ချင်းပြည်နယ်တစ်ခုလုံးအတွက် ၂၀၃၀ ပြည့်နှစ်မှာ လက်ရှိမဟာဓာတ်အားလိုင်းကနေ လျှပ်စစ်မီးရရှိမယ်လို့မျှော်မှန်းထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ပြည်နယ်ရဲ့ ထက်ဝက် ၅၀ ရာခိုင်နှုန်းလောက် လွှမ်းခြုံနိုင်ဖို့ ကြိုးစားနေပါတယ်" ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါ စီမံကိန်းသုံးခုတည်ဆောက်ပြီးစီးပါက ခေတ်မီနည်းစနစ်များဖြင့် လုပ်ငန်းလည်ပတ်ကာ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ချင်းပြည်နယ်၏ ၃၀ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အားလွှမ်းခြုံနေသေးကြောင်း၊ ပြည်နယ်၏ အဓိကကျသည့်နေရာ (သို့မဟုတ်) ပြည်နယ်ဖွံ့ဖြိုးရေးအထောက်အကူဖြစ်သည့် နေရာများကို ၂၀၂၀ ပြည့်နှစ် မတိုင်မီ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဒေသထက်ဝက်ကိုလာမည့် ၂၀၂၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရရှိစေရန် ပြည်နယ်အစိုးရက ကတိပြုထားကြောင်း၊ လက်ရှိတွင် အကြီးစားရေအားလျှပ်စစ်အတွက် ဖလမ်းမြို့နယ်အတွင်းရှိ မဏိပူရစီမံကိန်း ၄၀၀ မဂ္ဂါဝပ်)၊ ပလက်ဝမြို့နယ်အတွင်းရှိ လေးမြို့(-၁) စီမံကိန်း (၆၀၀ မဂ္ဂါဝပ်) နှင့် လေးမြို့(-၂) စီမံကိန်း(၉၀မဂ္ဂါဝပ်) များကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဇိုဟေဆာ**

# ကိုရီးယား – မြန်မာ ဆယ်မားအူးလ် စီမံကိန်းကျေးရွာဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ဆူးလေကုန်းကျေးရွာသို့ ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်လေ့လာ

**ချောင်းဦး ဩဂုတ် ၂၃**

ကိုရီးယား - မြန်မာ ဆယ်မားအူးလ် SMU စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာသို့ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာမှ ကိုရီးယား-မြန်မာ ဆယ်မားအူးလ်စီမံကိန်းအဖွဲ့ဝင်များက ဩဂုတ် ၂၁ ရက်တွင် လာရောက်လေ့လာကြကြောင်း သိရသည်။

ကိုရီးယား - မြန်မာ ဆယ်မားအူးလ်စီမံကိန်းမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်မားရေး စသည့် ကဏ္ဍကြီး(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအဖွဲ့ဝင် ကျေးရွာအချင်းချင်း လာရောက်လေ့လာသည့် လေ့လာရေးခရီးစဉ်များသည် စွမ်းဆောင်ရည်မြှင့်မားရေးကဏ္ဍမှ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

ဆူးလေကုန်းကျေးရွာ SMU စီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်မားရေးကဏ္ဍမှ အဖွဲ့ခေါင်းဆောင်ဖြစ်သည့် ဒေါ်ဇင်မီအောင်က ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာသို့ SMU စီမံကိန်းကျေးရွာများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးမှ စာဖြူစုကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာ၊ မန္တလေးတိုင်းဒေသကြီးမှ နန္ဒာတောင်ကျေးရွာ၊ ကန်ဖြူကျေးရွာနှင့် ထန်းခွတောင်ကျေးရွာ၊ နေပြည်တော်မှ ဂူနှစ်လုံးကျေးရွာများမှ လာရောက်လေ့လာကြကြောင်း၊ မိမိတို့ဆူးလေကုန်းကျေးရွာအနေဖြင့်လည်း ယခုနှစ် မေလ ၁၀ ရက်မှ ၁၄ ရက် ထိ ဧရာဝတီတိုင်းဒေသကြီးမှ ကွင်းယားကြီး၊ စာဖြူစု၊ ရွာသစ်ကုန်း၊ ညောင်ချောင်း၊ ကျွန်းချောင်းနှင့် ကမ်းနီဖျားကျေးရွာများသို့ သွားရောက်လေ့လာနိုင်ခဲ့ပါကြောင်း၊ အဆိုပါကျေးရွာများ၏ လမ်းများမှာ ကွန်ကရစ်လမ်းများ ဖြစ်ကြပြီး အမှိုက်မီးရှို့ကန်များထားရှိခြင်းကို တွေ့ရှိခဲ့ရသည့်အတွက် မိမိတို့ရွာကိုလည်း ထိုရွာများကဲ့သို့ဖြစ်စေရန်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆူးလေကုန်းကျေးရွာအနေဖြင့် SMU စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်မှု၊ အောင်ဆုထူး လှည်းကူးတံတားနှင့် ကုန်ထုတ်လမ်းဆောင်ရွက်နိုင်မှု၊ ရွာအဝင်ပေ ၂၀၀၀ ရှည် ကျောက်ကြီးဂျင်းလမ်းခင်းနိုင်မှုများနှင့် လက်ရှိကျေးရွာခန်းမ ဆောက်လုပ်နေမှုများကို လာရောက်လေ့လာကြသည့် အဖွဲ့ဝင်များအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စလင်းမြို့နယ် တောစိမ့်ကျေးရွာ အောင်ချမ်းသာကွက်သစ်တွင် ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ပြီးစီး

**စလင်း ဩဂုတ် ၂၃**

ကျေးလက်နေပြည်သူများ လျှပ်စစ်ဗို့အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာအောင်ချမ်းသာကွက်သစ်တွင် ၁၁ ကေဗွီဓာတ်အားလိုင်း၊ အရှည်ပေ သုည ဒသမ ၁၁ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီးစီး၍ ဩဂုတ်လ တတိယအပတ်မှစ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဓာတ်အားလိုင်းသစ်အား ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်ခဲ့သော ထက်ဖုန်းပြည့်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ၎င်းကျေးရွာ၌ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ မင်းဘူးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက အခမ်း အနားတက်ရောက်လာသူများအား လျှပ်စစ်အန္တရာယ် အသိပညာပေး ဟောပြောပြီး လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းသစ်တိုးချဲ့တည်ဆောက်ခြင်းကြောင့် တောစိမ့်ကျေးရွာ အောင်ချမ်းသာကွက်သစ်နေ အိမ်ထောင်စု ၄၀၊ ပြည်သူ ၁၅၀ သည် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ပြောကြားချက်အရသိရသည်။

**စိုးမိုးသူ(ပြန်/ဆက်)**




# ကိုးရက်ကြာရပ်နားထားသော ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်ခရီးစဉ်များ ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ပြေးဆွဲသွားမည်



**မုံရွာ ဩဂုတ် ၂၃**

ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာမှုကြောင့် ဩဂုတ် ၁၆ ရက်မှ စတင်ရပ်နားထားသည့် မုံရွာမြို့တွင် အခြေပြုပြီး ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်ခရီးစဉ်များကို ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ဩဂုတ်လအတွင်း ဒုတိယအကြိမ်မြစ်ရေကြီးလာသဖြင့် ဩဂုတ်လ ၁၆ ရက်မှ ၂၀ ရက်ထိတစ်ကြိမ်၊ ၂၁ ရက်မှ ၂၃ ရက်အထိတစ်ကြိမ် ရပ်နားခဲ့ပြီး ချင်းတွင်းမြစ်အထက်ပိုင်းမြို့နယ်များတွင် စိုးရိမ်ရေအမှတ်အထက်၌ ဆက်လက်တည်ရှိနေသဖြင့် ဩဂုတ် ၂၄ ရက် တစ်ရက်အား ထပ်မံတိုးမြှင့်ရပ်နားမည်ဖြစ်ပြီး ယခုနှစ်မိုးရာသီတွင် ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ခရီးစဉ်များကို ကိုးရက်ကြာ ရပ်နားထားခဲ့ရကြောင်း သိရသည်။

"ခန္တီး၊ ဟုမ္မလင်းမြို့နဲ့ နန့်တောဘက်ကနေပြီး မုံရွာကို စုန်မယ့် လူစီး/ကုန်တင်ရေယာဉ်တွေကိုတော့ ဩဂုတ် ၂၄ ရက်က စပြီး စုန်ဆင်းခွင့်ပေးမှာပါ။ မုံရွာကနေ အထက်ပိုင်းဒေသတွေကို ပြေးဆွဲမယ့် ကုန်တင်၊ လူစီးအမြန်ရေယာဉ်တွေရဲ့ ခရီးစဉ်တွေကိုတော့ ဩဂုတ် ၂၅ ရက်မှ စတင်ပြေးဆွဲခွင့် ပြုသွားမှာပါ။ အခု အခြေအနေမှာက ချင်းတွင်းအထက်ပိုင်းဒေသ မြို့နယ်တွေမှာ ချင်းတွင်းမြစ်ရေက စိုးရိမ်ရေအမှတ်အထက်မှာ ရှိနေပါသေးတယ်။ အဲဒီအတွက် ခရီးစဉ်တွေကို တစ်ရက်ထပ်ပြီး ရပ်နားထားရတာပါ" ဟု မုံရွာမြို့ ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့ချင်းတွင်းဆိပ်ကမ်းမှ အထက်ပိုင်းဒေသများသို့ ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော ကုန်တင် ရေယာဉ်အသင်း ၁၉ သင်းတွင် ၅၄၄ စင်း၊ လူစီးအမြန်ရေယာဉ်အသင်း ၁၀ သင်း ၁၂၄ စင်းဖြင့် ကုန်စည်နှင့်ခရီးသည်များကို အထက်အောက် စုန်ဆန်ပြေးဆွဲပေးလျက်ရှိရာ ချင်းတွင်းမြစ်ရေကြီးမြင့်လာသဖြင့် အန္တရာယ်မဖြစ်ပေါ်စေရေး ခရီးစဉ်များကို ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# တားဆီးကာကွယ်ခြင်းအန္တရာယ်

ဒေါက်တာမြတ်ထွဋ်ညွန့်

မိုးဦးကာလမှစတင်ကာ ခြင်တို့က တစီစီဖြင့် နေရာအနှံ့ပိုတွေ့လာရသည်။ နွေဘက်ကာလတွင် အတိုင်းအတာတစ်ခုအထိ ခြင်နည်းပါးသော်လည်း မိုးရွာလိုက်၊ နေပူလိုက်ဖြင့် ခြင်ပေါက်ပွားမှု အားပေးသောရာသီဥတုရောက်သည်နှင့် ခြင်တို့က တောရောမြို့ပါ ပိုမိုပေါက်ပွားလာကြသည်။ ခြင်ကို ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံး သတ္တဝါအဖြစ် သတ်မှတ်ထားကြသည်။ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကြောင့် ကမ္ဘာပေါ်တွင် လူသားသန်း ၇၀၀ ကျော် နှစ်စဉ် ရောဂါများဖြစ်ပွားခံစားနေရပြီး အနည်းဆုံး တစ်သန်းကျော်သည် ခြင်မှတစ်ဆင့် ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးရလျက်ရှိသည်။



**ခြင်အန္တရာယ်**

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများထဲတွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာရောဂါ၊ ငန်းဖျားရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဇီကာရောဂါနှင့် ဦးနှောက်ရောင်ရောဂါများ ပါဝင်သည်။ မြန်မာနိုင်ငံလို ပူနွေးစိုစွတ်သော အပူပိုင်းဒေသနိုင်ငံများတွင် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဒဏ်ကို နှစ်စဉ် အလူးအလဲခံရစမြဲဖြစ်သည်။ ခြင်ဟု လွယ်လွယ်ခေါ်လိုက်သော်လည်း ခြင်ထဲတွင် ခြင်မျိုးကွဲပေါင်း ၃၅၀၀ ကျော်ရှိသည်။ ကံကောင်းသည့်အချက်က ခြင်တိုင်းသည် လူ့သွေးကို မကြိုက်တတ်ကြသလို ခြင်တိုင်းသည်လည်း ရောဂါပိုးအမျိုးအစား အားလုံးကို ကူးစက်ပျံ့နှံ့နိုင်ခြင်း မရှိသည့်အချက်ဖြစ်သည်။

ဥပမာ- သွေးလွန်တုပ်ကွေးပိုင်းရပ်စ်ပိုးကို သယ်ဆောင်နိုင်သည့်ခြင်မှာ အေးဒိစ်ခေါ် ခြင်ကျားမျိုးဖြစ်ပြီး ငှက်ဖျားရောဂါကို သယ်ဆောင်ကူးစက်နိုင်သည့်ခြင်မှာ အနောဖလိခြင်မျိုးဖြစ်သည်။ တချို့ခြင်များက လူ့သွေးကို ကြိုက်တတ်ကြပြီး တချို့က ခွေး၊ ကြောင်၊ နွား၊ မြင်း၊ ဝက်စသည့် တိရစ္ဆာန်သွေးကို ပိုကြိုက်တတ်သည်။ တချို့ခြင်များက အိမ်အတွင်းပိုင်း နံရံစသည်တို့တွင် နားနေတတ်ကြပြီး တချို့က အိမ်ပြင်ပချုံပုတ်၊ သစ်ပင်စသည်တို့ပေါ်တွင် နားနေတတ်ကြသည်။ ခြင်တစ်မျိုးနှင့်တစ်မျိုး ပေါက်ပွားရာနေရာတို့မှာလည်း ကွဲပြားသည်။ အေးဒိစ်ခြင်ကျားက ရေကြည်ရေသန့်တွင် ပေါက်ပွားပြီး အားမင်းဂျလိခြင်မျိုးက ပုပ်ပွနေသည့်ရေမျိုးတွင်မှ ကြိုက်နှစ်သက်သလို အနောဖလိခြင်က စမ်းချောင်းလို ရေစီးသောနေရာမှခွဲထွက်နေသည့် ရေစီးငြိမ်သည့်နေရာမျိုးတွင် ပေါက်ပွားနေထိုင်တတ်ကြသည်။

**ခြင်ဘဝစက်ဝန်း**

ခြင်များသည် ဘဝစက်ဝန်းအဖြစ် ခြင်ဥ၊ သားလောင်း (ပိုးလောက်လမ်း)၊ ပိုးတုံးလုံးနှင့် သက်ကြီးခြင်ကောင်ဟူပြီး အဆင့်လေးဆင့်ကို ဖြတ်ကျော်ရလေ့ရှိသည်။ စိတ်ဝင်စားဖို့ကောင်းသည့်အချက်မှာ ခြင်မများကသာ ကိုက်တတ်ကြခြင်းဖြစ်သည်။ မိတ်လိုက်ပြီးနောက် ခြင်ဥဖွံ့ဖြိုးရန်လိုအပ်သော အာဟာရ ရရန်အတွက် သွေးကိုစုပ်ယူရခြင်းဖြစ်သည်။ ခြင်မများသည် မျိုးကွဲအလိုက် သင့်လျော်သောနေရာရေစပ်တွင် ဥဥချလေ့ရှိသည်။ ခြင်ဥများသည် ခြင်အမျိုးအစားကွဲပေါ်မူတည်ကာ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြသည်။

ဥပမာအားဖြင့် သွေးလွန်တုပ်ကွေးနှင့် ငန်းဖျားရောဂါပိုးများကို သယ်ဆောင်တတ်သော အေးဒိစ်ခြင်ကျား၏ ဥများသည် ရာသီဥတု ပူပြင်းခြောက်သွေ့လွန်းသောကာလများတွင် ပျက်စီးသွားခြင်းမရှိဘဲ ရှိနေနိုင်သည်။ ပိုးလောင်းအဖြစ်ပေါက်ပွားရန် သင့်လျော်သော ရေဓာတ်၊ အပူချိန်ရရှိမှသာ စတင်အကောင်ပေါက်တတ်သည်။ ထို့ကြောင့် မိုးမတိုင်မီတွင် ခြင်ကျားမရှိသလောက်နည်းသည့်တိုင် မိုးရာသီရောက်ပါက ခြင်ကျားတွေ ပေါလာရခြင်းဖြစ်သည်။ ခြင်၏ ဘဝစက်ဝန်းတွင် ရေထဲတွင်ဖြတ်သန်းရသည့် သားလောင်းအဆင့်ဖြစ်သော ပိုးလောက်လမ်းနှင့် ပိုးတုံးလုံးအဆင့်များသည် ခြင်အမျိုးအစားနှင့် ရာသီဥတုပေါ်မူတည်ကာ ခုနစ်ရက်မှ ၁၄ ရက်အထိ ကြာတတ်သည်။ ပိုးလောက်လမ်းဘဝဖြတ်ကျော်ပြီးနောက် ပုစွန်တုပ်ကွေးသဖွယ်ရှိသည့် ပိုးတုံးလုံးအဆင့်သည် နာရီပိုင်းအတွင်းသာရှိပြီး သက်ကြီးကောင်အဖြစ် တောင်ပံထွက်ကာ ပျံသန်းနိုင်ကြသည်။

သက်ကြီးကောင် ခြင်အဖြစ်ရောက်ရှိပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် မိတ်လိုက်နိုင်ကြပြီး ဥဥချနိုင်သည်။ အများအားဖြင့် ခြင်ထီးများသည် ငါးရက်မှ ခုနစ်ရက်ခန့်အထိသာ အသက်ရှင်နေထိုင်လေ့ရှိပြီး ပန်းဝတ်ရည်၊ အပင်မှထွက်သည့် အရည်တို့ကိုသာ စုပ်ယူစားသောက်လေ့ရှိသည်။ ခြင်မများသည် မိတ်လိုက်ပြီးနောက် သွေးစုပ်ကာ နှစ်ရက်မှ သုံးရက်အတွင်း အောင်မြင်သောဥများကို ဥချနိုင်သည်။ ခြင်အမျိုးအစားပေါ်မူတည်ကာ ခြင်မတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း ၃၀၀ ကျော်အထိ ဥချနိုင်သည်။ ဥဥချပြီးနောက် ခြင်မများသည် နောက်ထပ်မိတ်လိုက်ကာ ဥဥချနိုင်သည်။ အများအားဖြင့် ခြင်မတစ်ကောင်၏ သက်တမ်းသည် ခြောက်ပတ်မှ ရှစ်ပတ်အထိရှိတတ်ပြီး အခြေအနေပေးပါက သုံးရက်တစ်ကြိမ်အထိပင် ဥချနိုင်သည်။ ထို့ကြောင့် ခြင်မတစ်ကောင်မှ ခြင်သက်တမ်းနှစ်လအတွင်း ခြင်ပေါင်း ၆၀၀၀ ကျော်အထိ မွေးဖွားလာနိုင်သည်ဟု အကြမ်းဖျင်း တွက်ချက်ထားနိုင်သည်။

ခြင်နှိမ်နင်းရေးလုပ်ဆောင်ရာတွင် ခြင်သားလောင်း (ပိုးလောက်လမ်း) နှိမ်နင်းရေး၊ ခြင်နှိမ်နင်းရေးနှင့် ခြင်မကိုက်အောင်ကာကွယ်နည်းဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်နိုင်သည်။

**ပိုးလောက်လမ်းနှိမ်နင်းခြင်း**

ခြင်ဖြစ်မှ ခြင်နှိမ်နင်းရေး လုပ်သည်ထက် ခြင်မဖြစ်ခင် ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းရသည်က ပိုလွယ်ကူသည်။ ပိုးလောက်လမ်းများသည် ရေထဲတွင်သာ ရှိသဖြင့် ပျံသန်းနေသောခြင်ထက် နှိမ်နင်းရပိုလွယ်ကူသည်။ ပိုးလောက်လမ်းနှိမ်နင်းရာတွင် အောက်ပါနည်းလမ်းများကို သုံးနိုင်သည်။

**၁။ အဖုံးဖုံးအုပ်ထားခြင်း**

ရေသိုလှောင်ထားသော ရေစည်၊ ရေကန်များကို ခြင်မဝင်နိုင်လောက်အောင် လုံခြုံအောင် ဖုံးအုပ်ထားရန်ဖြစ်သည်။ အပြောလွယ်သလောက် တကယ့်လက်တွေ့တွင် ခြင်မဝင်နိုင်လောက်အောင် ဖုံးထားဖို့ခက်သည်။ အဖုံးရှိသည့်တိုင် ဖွင့်သုံးပြီးတိုင်း လုံအောင် ပြန်ဖုံးထားဖို့ဆိုသည်မှာလည်း အခက်အခဲရှိသည်။ အရန်ရေလှောင်ထားသည့် ရေစည်၊ ရေပုံးများဖြစ်ပါက အဖုံးလုံလုံဖြင့်ဖြစ်စေ၊ ပလတ်စတစ်စဖြင့်ဖြစ်စေ၊ ခြင်ကာဆန်ခါဖြင့်ဖြစ်စေ ပိတ်ကာဖုံး အုပ်ထားနိုင်သည်။

**၂။ မလိုသောရေများသွန်ခြင်း၊ မှန်မှန်လဲလှယ်ခြင်း**

ပတ်ဝန်းကျင်တွင် သတိထားကြည့်ပါက မလိုအပ်ဘဲ ရေများဝင်နေနိုင်သော ခွက်စုတ်၊ ပုံးစုတ်၊ တာယာအဟောင်း၊ ဘက်ထရီအိုးအဟောင်း၊ နို့ဆီခွက်၊ ပလတ်စတစ်ခွက်၊ ဘူး အဟောင်းများက နေရာအနှံ့ရှိနေတတ်သည်။ မိုးတွင်း မိုးရေဝင်သည့်အခါ ထိုနေရာများသည် ခြင်များပေါက်ပွားဖို့ ရေကန်အသင့်ကြာအသင့် ဖန်တီးပေးထားသလို ဖြစ်တတ်သည်။ ထိုသို့သော စွန့်ပစ်ပစ္စည်းအများစုကို သင့်လျော်သောနေရာတွင် စွန့်ပစ်ခြင်း၊ ရေမဝင်နိုင်အောင် ရေများသွန်ကာ မှောက်ထားခြင်း၊ မြေမြှုပ်ပစ်ခြင်း စသည်တို့လုပ်ဆောင်နိုင်သည်။ ထို့ပြင် ငါးရက်မှ ခုနစ်ရက်တိုင်း တစ်ကြိမ်အနည်းဆုံးထားကာ ရေစည်၊ ရေပိုင်း၊ ရေအိုး၊ ဘုရားပန်းအိုး၊ နတ်ပန်းအိုးတို့မှ ရေများကို လဲလှယ်ပေးရန်လိုသည်။ ထို့ကြောင့် ကျောင်းများတွင် သောကြာနေ့ညနေ ကျောင်းမဆင်းမီတွင် သောက်ရေ၊ သုံးရေအိုးအားလုံးကို မှောက်သွန်ခြင်းများ လုပ်ဆောင်နေကြခြင်းဖြစ်သည်။

**၃။ ရေစစ်နည်းဖြင့် ပိုးလောက်လမ်းဖယ်ရှားခြင်း**

ပိုးလောက်လမ်းရှိနေသော ရေကို မသွန်ထုတ်လိုပါက လက်တံတုတ်ရှည်တပ်ထားသော ရေစစ်ဖြင့် ရေကို ဇွေ့ဝိုက်ခပ်ကာ ပိုးလောက်လမ်းများကို ဖယ်ရှားနိုင်သည်။ သို့သော် ဤနည်းသည်လည်း စိတ်ရှည်လက်ရှည် ပိုးလောက်လမ်းကုန်အောင် သတိထားလုပ်ဆောင်ဖို့လိုသလို ရေတွင်း၊ ရေကန် အားလုံးတွင် လုပ်ဆောင်ဖို့လည်း သိပ်မလွယ်ပါ။ သုံးရက်မှ ငါးရက်လျှင်တစ်ကြိမ် မှန်မှန်လုပ်ဆောင်ဖို့လည်း လိုသည်။ မိမိအိမ်တွင်ရှိသော ရေလှောင်ကန်များတွင်တော့ လုပ်ဆောင်နိုင်လျှင် ကောင်းပါသည်။

**၄။ ဆီလောင်းခြင်း**

မိမိအိမ်ဝန်းကျင်တွင် ရေဝပ်နေသော ရေအိုင်ငယ်ရှိနေပြီး ခြင်ပေါက်ပွားမှုလည်း ရှိပါက ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင်ဆီစသည့် စွန့်ပစ်ဆီ တစ်မျိုးမျိုးရှိပါက ထိုရေအိုင်ထဲ လောင်းထည့်ထားနိုင်သည်။ ဆီများက ရေပေါ်တွင်ပေါ်နေခြင်းကြောင့် ပိုးလောက်လမ်းများ အောက်ဆီဂျင်ဓာတ် ပြတ်လပ်ကာ သေဆုံးစေနိုင်သည်။

**၅။ ပိုးလောက်လမ်းစားငါးနှင့် ပုဇွန်သားလောင်းမွေးထားခြင်း**

ပိုးလောက်လမ်းများကို ဖမ်းစားနိုင်သည့် ပိုးလောက်လမ်းစားငါးဖြစ်သော ဒေါင်းငါး၊ တီလာပီးယားငါးများကို ရေလဲလှယ်ရန် ခက်ခဲသော ရေလှောင်ကန်ကြီးများထဲတွင် မွေးထားနိုင်သည်။ အလားတူ အုတ်ရေလှောင်ကန်များထဲတွင် ပုဇွန်သားလောင်းများတွေ့ရှိပါကလည်း မဖယ်ထုတ်ဘဲ ဆက်ထားရှိသင့်သည်။ ပုဇွန်သားလောင်းများရှိပါက ထိုအုတ်ကန်ထဲတွင် ပိုးလောက်လမ်းများမရှိကြောင်း တွေ့ရမည်ဖြစ်သည်။

**၆။ ပိုးလောက်လမ်းသေဆေး (အဘိတ်) ခတ်ခြင်း**

ကျန်းမာရေးဌာနများမှ ပိုးလောက်လမ်းသေဆေး (အဘိတ်) ကို ရေတွင်း၊ ရေစည်၊ ရေကန်များထဲတွင် ထည့်ထားရန် လိုက်လံပေးဝေတတ်ကြသည်။ အဘိတ်သည် ပိုးလောက်လမ်းများကို သေကျေပျက်စီးစေသော်လည်း ရေကို အနံ့အရသာ ပြောင်းလဲစေခြင်း၊ လူကိုဥပဒ် တစ်စုံတစ်ရာ ဖြစ်စေမှုမရှိခြင်းတို့ကြောင့် စိတ်ချလက်ချ ထည့်ထားနိုင်သည်။ ကရိကထနည်းနည်းဖြင့် ပိုးလောက်လမ်းများကို နှိမ်နင်းနိုင်သည့် နည်းဖြစ်သည်။

**သက်ကြီးခြင်ကောင်ကိုနှိမ်နင်းနည်းများ**

ပိုးလောက်လမ်းနှင့်နှိုင်းဆလျှင် ခြင်ကောင်ကို နှိမ်နင်းရသည်က ပိုမိုခက်ခဲပါသည်။ ခြင်များသေကျေစေရန်အတွက် အောက်ပါနည်းများကို သုံးစွဲရပါသည်။

**၁။ ခြင်ရိုက်တံဖြင့်ရိုက်ခြင်း**

မိမိအိမ်တွင် အခန်းတွင်းရှိနေသော ခြင်များကို အတိုင်းအတာတစ်ခုအထိ သေကျေစေနိုင်သောနည်းဖြစ်သည်။ သို့သော် အမြဲတမ်းခြင်ကို မုဆိုးဖမ်းဖမ်းသလို စောင့်ကြည့်ပြီး ရိုက်တံဖြင့် ရိုက်နိုင်ဖို့က သိပ်မလွယ်လှပါ။ တချို့ကလည်း ခြင်များကြားနိုင်သောအသံနှင့် ခြင်ကြိုက်တတ်သော အလင်းရောင်တို့ကို ဖန်တီးထားသည့် ထောင်ချောက်များကို အိမ်တွင်းတွင် တပ်ဆင်ထားကြည့်ကြပါသည်။ သို့သော် ထိုနည်းများသည်လည်း တကယ်တမ်းတွင် ထိရောက်မှုနည်းပါသည်။

**၂။ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း**

မိမိအိမ်တွင်ပင် ဖျန်းဆေးဘူးဖြင့်ခြင်များကို ပက်ဖျန်းထားနိုင်သည်။ သို့သော်စရိတ်စက မသေးလှသလို ဆေးအရှိန်ပြယ်သည်နှင့် ခြင်တွေက တစီစီဖြစ်လာတတ်သည်။ အများသူငါ မြင်တတ်ကြသည့် မီးခိုးတလူလူထွက်သည့် ခြင်ဆေးမှုတ်ခြင်းသည်လည်း ဆေးအချိန်အဆ မှန်ကန်ပြီး ဆေးနှင့်ခြင်ထိတွေ့မှုရှိလျှင် သေကျေပျက်စီးနိုင်ပါသည်။ သို့သော် ဆေးအာနိသင်မှာ နာရီပိုင်းသာခံပြီး လေများများတိုက်နေလျှင် သို့မဟုတ် မိုးရွာလျှင် ဆေးအာနိသင် မြန်မြန်ပြယ်စေနိုင်သည်။

> စွန့်ပစ်ပစ္စည်းအများစုကို သင့်လျော်သောနေရာတွင် စွန့်ပစ်ခြင်း၊ ရေမဝင်နိုင်အောင် ရေများသွန်ကာ မှောက်ထားခြင်း၊ မြေမြှုပ်ပစ်ခြင်း စသည်တို့လုပ်ဆောင်နိုင်သည်။ ထို့ပြင် ငါးရက်မှ ခုနစ်ရက်တိုင်း တစ်ကြိမ်အနည်းဆုံးထားကာ ရေစည်၊ ရေပိုင်း၊ ရေအိုး၊ ဘုရားပန်းအိုး၊ နတ်ပန်းအိုးတို့မှ . . .

စာမျက်နှာ ၁၈ သို့

# ရေနုတ်အားကောင်းသဖြင့် မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း



**သုံးခွ ဩဂုတ် ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်အတွင်း မိုးရာသီကာလ ရေနုတ်အားကောင်းသဖြင့် မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူဦးကြီးများထံမှ သိရသည်။

သုံးခွမြို့နယ် သဲကုန်းတူးမြောင်းကျေးရွာ၌နေထိုင်သော ဦးမြင့်မောင်က "ဒီနှစ်မိုးစပါး စိုက်ပျိုးရတာ ရေကြီးရေလျှံမှုမဖြစ်ပေါ်ခဲ့တော့ စပါးစိုက်ပျိုးရာမှာ အလွန်ကို အဆင်ပြေပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ရေကြီးမှု တော်တော်များများ ကြုံတွေ့ခဲ့ကြရလို့ တောင်သူတွေရဲ့ လယ်ဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒီနှစ်မှာ တူးမြောင်းဖောက်ချောင်းကြီး ရှိသွားပြီဆိုတော့ ရေကြီးရေလျှံ မဖြစ်ပေါ်တော့ဘဲ ကွင်းအတွင်းရွာသမျှမိုးရေကို တူးမြောင်းက ဆွဲယူသွားပြီး စပါးစိုက်ခင်းများ ထိခိုက်မှုမရှိတော့ မိုးစပါးစိုက်ပျိုးရာမှာ အောင်မြင်နေပါပြီ။ တူးမြောင်းဖောက်ချောင်းဟာ ကျွန်တော်တို့ချောင်းတစ်လျှောက် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကွင်းရေများအပြင် အထက်ဘက် ကတုံးပေါ်ကွင်းအတွင်းက ကွင်းရေများကိုပါ လက်ခံထုတ်နုတ်ပေးနေတာကိုလည်း တွေ့ရတယ်။ ကျွန်တော့မှာ မိုးစပါး စိုက်ဧက ၂၀ ရှိတော့ တစ်ဧကကို အနည်းဆုံး တင်း ၆၀ ခန့်ထွက်မယ်လို့ မျှော်မှန်းထားပါတယ်" ဟု ဝမ်းသာစကားပြောသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးကာလဖြစ်သော ဝါဆိုလ မိုးဦးကာလ၌ ကွင်းရေနုတ်နိုင်သဖြင့် မိုးစပါးစိုက်ပျိုးရာတွင် အဆင်ပြေလွယ်ကူ ချောမွေ့ခဲ့ကြောင်း၊ ကတုံးပေါ်ကွင်း ၊ ဘုံလုံကွင်း၊ ကြာကန်ကွင်းများသည် တစ်ဆက်တစ်စပ်တည်းရှိသော ရေကြီးကွင်း၊ ရေနက်ကွင်းများဖြစ်ကြောင်း၊ ၎င်းကွင်းများ၏ အဓိကရေနုတ်ပေးသည့် ကတုံးပေါ်ချောင်းမှာ တိမ်ကောနေသည့်အတွက် မိုးစပါးကို နှစ်ကြိမ်၊ သုံးကြိမ် ပြန်လည် စိုက်ပျိုးရသည်များရှိခဲ့ကြောင်း၊ ယခုနှစ်၌ ဆည်မြောင်းမှ ကတုံးပေါ်ချောင်းနှင့် ခရမ်းချောင်းကို ပြန်တူးဖော်ပေးလိုက်သည့်အတွက်ကြောင့် မည်သည့်နှစ်နှင့်မှ မတူအောင် ရေနုတ်အား ကောင်းမွန်ပြီး မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေကြောင်း၊ မိုးရွာပြီး တစ်ရက်နှစ်ရက်အတွင်း ရေဆင်းသွားခဲ့ပြီး ရေနုတ်အား ကောင်းခဲ့သဖြင့် စပါးပင်အတွက် အာဟာရကို လိုအပ်သလို ရက်ပတ်ဖြင့် တိတိကျကျ ကျွေးနိုင်လာကြောင်း၊ နောက်သီးနှံဖြစ်သည့် ပဲစိုက်ပျိုးနိုင်ရေးအတွက်လည်း အချိန်တိတိကျကျရရှိလာပြီး စိုက်ပျိုးရာသီ မှန်လာမည်ဖြစ်သဖြင့် တောင်သူများအတွက် များစွာအကျိုးရှိကြောင်းနှင့် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိကြောင်း ကတုံးပေါ်ကျေးရွာအုပ်စုအတွင်း နေထိုင်ကြသော တောင်သူဦးကြီးများက ပြောသည်။

ကတုံးပေါ် အထက်ကျေးရွာနေ တောင်သူဦးဟန်စိန်က "အခု ရေစီးရေလာလည်းကောင်းတယ်။ ရေဆွဲအားလည်း နှစ်တိုင်းထက်ကောင်းတယ်။ မိုးရွာရက်ကလည်းမနည်းလှဘူး။ အရင်နှစ်တွေကဒီအချိန် ကန်ရေတွေမပြည့်သေးဘူး။ အခုကန်ရေတွေပြည့်နေပြီ။ ဆည်မြောင်းက သုံးခွမြို့နယ်အတွင်း ကတုံးပေါ်ချောင်း၊ မရမ်းချောင်းတူးမြောင်းဖောက်ချောင်းတွေကိုတစ်ဆက်တည်း တူးဖော်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အကျိုးကျေးဇူးတွေကို လက်ရှိစတင်ခံစားနေရပါပြီ" ဟု ပြောသည်။

ခရမ်းမြို့နယ် ကြာကန်ကျေးရွာမှ ဦးစန်းဦးကလည်း "ကြာကန်ကွင်းဟာ အနိမ့်ကွင်းဖြစ်လို့ မိုးရွာလိုက်တာနဲ့ ကွင်းအတွင်းကို ပတ်ဝန်းကျင်မှ ရေများ စုပုံဝင်ရောက်လာပြီး ရေကြီးနစ်မြုပ်လေ့ရှိပါတယ်။ ကန်သင်းများပတ်ပြီး စိုက်ပျိုးသော်လည်း မိုးများတာနဲ့ ကန်သင်းကို ရေကျော်ဝင်တော့ ကန်သင်းတွေကို လိုက်ဆင့်ပေးခဲ့ရတယ်။ ကြာကန်ကွင်းအတွင်းမှာ မိုးစပါးကို အခြောက်ကြဲလေ့ရှိကြပါတယ်။ အစေ့ပေါက်ချိန် မိုးရွာချတာနဲ့ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ကျွန်တော်တို့ရွာ တစ်ကွင်းလုံးမှာ စပါးစိုက်ဧကပေါင်း ၃၄၀၀ ကျော်ရှိပြီးဧက ၅၀၀ နီးပါးက နှစ်စဉ်အချိန်မမီလို့ စိုက်ပျိုးလို့မရဘဲ ကျန်ခဲ့ရပါတယ်။ လက်ရှိအနေအထားကတော့ ခရမ်းချောင်းမကြီးကို ပြန်တူးပေးလိုက်တဲ့အတွက် ရေကြီးရေလျှံမှု မဖြစ်ပေါ်လာတဲ့အပြင် နှစ်စဉ်စပါးပင်မမြင်ရတဲ့ ကွင်းတွေမှာ မိုးစပါးပင်များ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့မြင်နေပါပြီ။ ပြီးတော့ ကျွန်တော်တို့မြို့နယ်က တာဝန်ရှိသူတွေကလည်း မွေးမြူရေးလုပ်ငန်းတွေကို အားပေးလာပါတယ်။ ဒါကြောင့် စပါးစိုက်ခင်းပတ်ပတ်လည်မှာ ငါးကြင်း၊ ဒိုင်းငါး အစရှိတဲ့ငါးတွေကို မွေးမြူလို့ မွေးမြူရေးလုပ်ငန်းပါ အဆင်ပြေအောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ဆိုသည်။

ယခုနှစ် မိုးရာသီမတိုင်မီကာလက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သုံးခွမြို့နယ် အတွင်း စုစုပေါင်း အလျား ၅၈ မိုင်ကျော်ရှိသော ရေနုတ်မြောင်း ၁၃ မြောင်းကိုလည်းကောင်း၊ ခရမ်းမြို့နယ်အတွင်း စုစုပေါင်း အလျား ၃၄ မိုင်ကျော် အရှည်ရှိသော ရေနုတ်မြောင်း ကိုးမြောင်းကိုလည်းကောင်း မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးအတွက် ပြန်လည်တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆွေးနွေး

**ပဲခူး ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မိမိတို့အစိုးရအဖွဲ့တို့ပူးပေါင်းဆောင်ရွက်နေမှုကို ပြည်သူများသိရှိနိုင်စေရန်၊ ကျူးကျော်ကိစ္စရပ်များနှင့် မြေသိမ်း၊ မြေလွှဲကိစ္စရပ်များကို ဌာနဆိုင်ရာများပူးပေါင်းပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ လေကြောင်းဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတော်စီမံကိန်းတစ်ခုအဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုအဆင့်တွင် ဒုတိယသမ္မတ(၂)ဦးဆောင်သည့် Steering Committee၊ ပြည်ထောင်စုဝန်ကြီး (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန) ဦးဆောင်သည့် Working Committee၊ ဒုတိယဝန်ကြီး (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) ဦးဆောင်သည့် Negotiation Committee တို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ဒါအောင်မြင်ခဲ့သည့် JGC-Yongnam-CAI Consortium (HIA Myanmar Co.,Ltd) နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် Framework Agreement အား လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ODA ချေးငွေရရှိနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည် သိရသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ဟံသာဝတီလေဆိပ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျူးကျော်စာရင်းများကောက်ယူခြင်း၊ လျော်ကြေးပေးလျော်နိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး စသည့်လုပ်ငန်းစဉ်သုံးရပ်အား ကော်မတီသုံးရပ်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက မြေယာပိုင်ဆိုင်မှုများနှင့် ပတ်သက်ပြီး မြေသိမ်းမြေလွှဲ အမှုတွဲများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေဆိပ်ဧရိယာအတွင်း ဆောက်လုပ်ပြီးစီးသွားသည့် ဘန်ဂလိုများ၌ လေဆိပ်ဝန်ထမ်း အစောင့်များထားရန်လိုအပ်ပါကြောင်းနှင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းအောင်က လေဆိပ်တစ်ခု ဖြစ်မြောက်ရန်အတွက် ရေ၊ မြေ၊ လေ၊ မီး စသည်တို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ ပဲခူးမြို့၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပတ်ဝန်းကျင်အနေအထားအရ ဆည်၊ တမံများရှိ၍ ရေကောင်း၊ ရေသန့် လုံလောက်စွာ ထုတ်ယူနိုင်ခြင်း၊ လေကြောင်းဦးစီးဌာနပိုင် မြေရှိခြင်း၊ နိုင်ငံတကာလေကြောင်းပျံသန်းရေး လမ်းဆုံ၌တည်ရှိနေခြင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ကမာနတ်ဓာတ်အားခွဲရုံမှ သွယ်တန်းရမည်ဖြစ်၍ အဆင်ပြေနိုင်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၌ ပဲခူးမြို့သည် ရေခံမြေခံကောင်းမွန်ပြီး ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တားဆီးကာကွယ်ခြင်းအန္တရာယ်

စာမျက်နှာ ၁၇ မှ

ထို့ကြောင့် ဆေးမှုတ်ပြီး နောက်ရက်များတွင် ခြင်များပြန်တွေ့ရနိုင်သည်။ ငှက်ဖျားအဖြစ်များသော ဒေသများတွင် အိမ်နံရံများကို ဆေးဖျန်းခြင်းဖြင့် အိမ်နံရံတွင် ခိုအောင်းနေတတ်သည့် အနောဖလိခြင်များကို သေကျေစေနိုင်သည်။

**၃။ခြင်ဆေးခွေ၊ ခြင်ဆေးတိုင်သုံးခြင်း**

ခြင်ဆေးခွေထွန်းခြင်းဖြင့် ခြင်အန္တရာယ်ကို လျော့ပါးစေနိုင်သည်။ သို့သော် ခြင်ဆေးငွေ့ကိုယ်တိုင်က ဘေးကင်းလှသည်မဟုတ်ပါ။ ခြင်ဆေးခွေထွန်းရာမှ ထွက်လာသော အခိုးအငွေ့များကို ရေရှည်ရှူရှိုက်ပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ပန်းနာရင်ကျပ်နှင့် အဆုတ်ကင်ဆာကဲ့သို့သော ရောဂါများကိုပင်လျှင် ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် မလွှဲသာမရှောင်သာ ခြင်ဆေးခွေ သုံးရမည်ဆိုပါက အလုံပိတ်ထားသော အခန်းကျဉ်းမျိုးထဲတွင် မသုံးမိဖို့လိုသည်။ လေဝင်လေထွက်ကောင်းသော အခန်းတွင်သာ သတိထားသုံးသင့်သည်။

### ခြင်နှင့်ထိတွေ့မှုမရှိအောင်နေခြင်း

ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများမရစေဖို့ ခြင်အကိုက်မခံရအောင်နေပါဟု ပြောတတ်ကြသည်။ အပြောလွယ်သလောက် တကယ်တမ်းတွင် လုပ်ရခက်သည့်အရာဖြစ်သည်။ သို့သော် အောက်ပါနည်းများဖြင့် ခြင်နှင့်လူ ထိတွေ့မှုနည်းအောင် လုပ်နိုင်သည်။

**၁။ခြင်ထောင်ထောင်အိပ်ခြင်း**

ခြင်ထောင် (ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်) ကို ထောင်အိပ်သင့်သည်။ ဆေးစိမ်ခြင်ထောင်မဟုတ်ပါက ခြင်ထောင်ဘေးသားနှင့် ထိတွေ့မိပါက ခြင်ကိုက်ခံရနိုင်သည်။ ဆေးစိမ်ထားပါက ခြင်ထောင်အနားသို့ ခြင်မလာနိုင်သည့်အတွက် ခြင်အကိုက်မခံရနိုင်ပါ။ ဆေးစိမ်ခြင်ထောင် သုံးစွဲခြင်းဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှုကို သိသိသာသာ လျော့ကျသွားစေသည်။ သို့သော် သွေးလွန်တုပ်ကွေး၊ ငန်းဝါဖျား စသည့် ရောဂါပိုးများကို သယ်ဆောင်နိုင်သည့် အေးဒိစ်ခြင်ကျားများမှာ နေ့အခါတွင် ကိုက်တတ်သည့်အတွက် နေ့လယ်နေ့ခင်း ထိုင်နေတုန်းမှာပင် ခြင်က ကိုက်နိုင်သည်။ တစ်နေ့ခင်းလုံး ခြင်ထောင်ထဲဝင်ထိုင်နေဖို့ဆိုသည်မှာလည်း မဖြစ်နိုင်သည့် ကိစ္စဖြစ်သည်။ သို့သော် နေ့လယ်ပင်ဖြစ်စေ အိပ်စက်သည့်အခါတိုင်း ဆေးစိမ်ခြင်ထောင်ကို ထောင်အိပ်သင့်သည်။

**၂။ အဝတ်ထူထူဝတ်ခြင်း**

ခြင်အများဆုံးကိုက်တတ်သည့်နေရာမှာ ခြေထောက်ပိုင်းဖြစ်သည်။ အထူးသဖြင့် အဝတ်အစားများနှင့် လွတ်နေသော နေရာများကို ခြင်ကကိုက်တတ်သည်။ ထို့ကြောင့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ထားပါက ခြင်ကိုက် သက်သာစေသည်။ သို့သော် အဝတ်ထူထူများကို ရာသီဥတုပူသည့်အခါများတွင် ဝတ်ဆင်ဖို့က မသက်သာလှသလို အဝတ်အစားနှင့် လွတ်နေသည့်နေရာ၊ အဝတ်ပါးသည့်နေရာများကို ခြင်က ကိုက်နိုင်သေးသည်သာဖြစ်သည်။

**၃။ခြင်ပြေးဆေးလိမ်းခြင်း**

အရေပြားပေါ်တွင် လိမ်းနိုင်သည့် ခြင်ပြေးလိမ်းဆေးများကိုလည်း ထုတ်လုပ်လာကြသည်။ အလားတူ ဆေးဆပ်ပြာအဖြစ် ခြင်မကိုက်စေသော ကိုယ်တိုက်ဆပ်ပြာအဖြစ် ထုတ်လုပ်လာကြသည်။ အထိုက်အလျောက် အာနိသင်ရှိသော်လည်း လိမ်းဆေးအမျိုးအစားပေါ်မူတည်ကာ တချို့က နှစ်နာရီ သုံးနာရီခန့်အထိသာ အာနိသင်ကောင်းကောင်းရှိတတ်သည်။ တစ်နေ့လုံး တစ်ညလုံး မမေ့မလျော့ ခြင်ပြေးဆေးလိမ်းနေရန်မှာ မလွယ်လှသလို တချို့မှာလည်း အရေပြားဓာတ်မတည့်မှုဖြစ်တတ်သည့် သဘောရှိသည်။ ထို့ကြောင့် ရေရှည်တွင် ထိထိရောက်ရောက် သုံးနိုင်သည့်နည်း တစ်ခုမဟုတ်ပြန်ပါ။

**၄။ခြင်လုံဆန်ခါတပ်ဆင်ခြင်း**

တိုက်ခန်းကဲ့သို့သော ပြတင်းပေါက်နှင့် တံခါးပေါက်နည်းသော အိမ်မျိုးဖြစ်ပါက ခြင်လုံဆန်ခါတပ်ဆင်ထားသင့်သည်။ သို့သော် အိမ်အများစုမှာ ခြင်ဝင်နိုင်သည့် အပေါက်အများအပြားရှိတတ်သည့်အတွက် အားလုံးနှင့် သင့်လျော်သည့်နည်းဟု မဆိုနိုင်ပြန်ပါ။ ထို့ပြင် အိမ်တွင်းတွင် တစ်ချိန်လုံးနေရန် မဖြစ်နိုင်သည့်အတွက် အပြင်ထွက်သည့်အခါများတွင် ခြင်ကိုက်ခံရနိုင်သည့် အခြေအနေက ရှိနေသေးသည်သာ ဖြစ်သည်။

### ဘယ်နည်းအကောင်းဆုံးလဲ

ဖော်ပြခဲ့သည့်နည်းလမ်းများမှာ လက်ရှိလုပ်ဆောင်လျက်ရှိသည့် နည်းလမ်းများ ဖြစ်ပါသည်။ ဘယ်နည်းအကောင်းဆုံးလဲဟု မေးလာပါက မိမိအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်မည့်နည်းများကိုသာ အကောင်းဆုံးအဖြစ် လိုက်နာလုပ်ဆောင်ရမည်ဖြစ်သည်။ တစ်နည်းတည်းဖြင့် ခြင်အန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ခြင်းမရှိသေးသလို တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍လည်း မရနိုင်ပါ။ တစ်လမ်းလုံး၊ တစ်ရွာလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံးမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ခြင်နှိမ်နင်းရေးကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများဖြစ်မှ မျက်ကလဲဆန်ပျာဖြစ်ကာ ကုသမှုယူခြင်းထက် ရောဂါမဖြစ်ခင်ကတည်းက ရောဂါပိုးသယ်ဆောင် ဖြန့်ဖြူးနေသည့်ခြင်ကို သားလောင်းဘဝကတည်းက အရှင်မထားဘဲ တတ်အားသရွေ့နည်းလမ်းစုံသုံးကာ တွန်းလှန်ကာကွယ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# စစ်တွေမြို့တွင် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကျင်းပမည်




**စစ်တွေ သြဂုတ် ၂၃**

ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့တွင် ငြိမ်းချမ်းရေး ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို သြဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲမှစတင်ပြီး ခိုင်သဇင်ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

စစ်တွေမြို့တွင် ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ အသက် (၁၅) နှစ်နှင့် (၅၅) နှစ်ကြားရှိသည့် အမျိုးသား အမျိုးသမီး လျှောက်ထားသူ ဦးရေ ၂၀၀ ကျော်အား သြဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲမှစတင်ပြီး ခိုင်သဇင်ခန်းမ၌ အသံစစ်ဆေးခြင်း၊ State Rehearsal နှင့် MRTV Live Show ရိုက်ကူးထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ (Peace Music Festival ) ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံလုံးရှိ မြို့ကြီး ၁၀ မြို့တွင် ကျင်းပမည်ဖြစ်ပြီး မြို့အလိုက် အသံစစ်ဆေးခြင်း၊ ပြည်ထောင်စုအဆင့်တွင် ပြိုင်ပွဲဝင်များအား ဆန်ခါတင်ရွေးချယ်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ခေတ်ဟောင်းလက်နှိပ်စက်ဒီဇိုင်းနှင့် အသစ်ထွက်ပေါ်လာသည့် ကီးဘုတ်



ယနေ့ကာလတွင် လူသုံးပစ္စည်းများကို ယခင်ခေတ် ဒီဇိုင်းများနှင့်ပေါင်းစပ်ကာ ပြန်လည်ထုတ်လုပ်လျက်ရှိရာ လူငယ်များကြား ရေပန်းစားအောင်မြင်လျက်ရှိသည်။ ကြိုးမဲ့စနစ်များပါဝင်သော ယခင်က လက်နှိပ်စက်ပုံစံဒီဇိုင်းမျိုးနှင့် ကွန်ပျူတာနှင့် မိုဘိုင်းများတွင် ချိတ်ဆက်အသုံးပြုနိုင်သော ကီးဘုတ်တစ်မျိုးကို မိတ်ဆက်ပေးလိုက်သည်။ Penna အမည်ရ ကီးဘုတ်တစ်မျိုးဖြစ်ပြီး ခေတ်ဟောင်းလက်နှိပ်စက်ပုံစံဒီဇိုင်းမျိုးဖြင့် ယနေ့ စမတ်ဖုန်းနှင့် ကွန်ပျူတာများကြား အသုံးပြုနိုင်ရန် ဖန်တီးထုတ်လုပ်ထားသည်ဟုသိရသည်။

လေးထောင့်နှင့် အဝိုင်းပုံစံနှစ်မျိုးရှိပြီး အသုံးပြုသူ စိတ်ကြိုက်ရွေးချယ်နိုင်ကာ ခလုတ်အနိမ့်အမြင့်အတွက် မိမိကြိုက်နှစ်သက်ရာကို ပြောင်းလဲနိုင်သည်ဟုဆိုသည်။ ကြိုးမဲ့ချိတ်ဆက်မှုပါဝင်ကာ ဘက်ထရီထည့်သွင်း အသုံးပြုနိုင်မည်ဖြစ်ပြီး နှစ်သက်ရာ ကွန်ပျူတာ၊ Tablet နှင့် စမတ်ဖုန်းများတွင် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

ဒီဇိုင်းပိုင်းတွင် မထူးခြားဘဲ ရိုးရှင်းသည့် ယခင်က လက်နှိပ်စက်ပုံစံမျိုးဖြစ်ပြီး နည်းပညာသစ်များနှင့်ပေါင်းစပ်ကာ ခံစားမှု အသစ်တစ်မျိုးရရှိစေနိုင်ရန် ဖန်တီးထားသည်ဟုသိရသည်။ Apple Device များမှာလည်း အဆိုပါ ကီးဘုတ်ဒီဇိုင်းကို အသုံးပြုနိုင်မည်ဖြစ်ပြီး လာမည့် ဒီဇင်ဘာလတွင် ကမ္ဘာတစ်ဝန်းရှိဈေးကွက်အတွင်း ရရှိနိုင်တော့မည်ဖြစ်သည်။ အရောင် လေးမျိုး ရွေးချယ်နိုင်ပြီး မြန်မာကျပ်ငွေ တစ်သိန်းနှင့် တစ်သိန်းခွဲဝန်းကျင်များတွင် ရရှိနိုင်မည်ဖြစ်သည်။

ALEX

# Xiaomi၏ Redmi Note 5A Prime ကို စတင်မိတ်ဆက်



မျက်နှာပြင် အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Xiaomi ၏ နောက်ထွက်စမတ်ဖုန်းအသစ်တစ်မျိုးဖြစ်သည့် Redmi Note 5A Prime ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ ပါးလွှာသော စမတ်ဖုန်း အမျိုးအစားဖြစ်ပြီး ကိုင်ဆောင်အသုံးပြုခြင်း အတွက် ပိုမိုကောင်းမွန်လာပြီး မျက်နှာပြင်ပိုမို တောက်ပလာသည်။

အလူမီနီယံသတ္တုစပ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး ပိုမိုခိုင်ခံ့အကြမ်းခံနိုင်ရည်ရှိမည်ဟုသိရသည်။ ၎င်းစမတ်ဖုန်းတွင် Qcta-Core Qualcomm MSM8940 Snapdragon 435 ပရိုဆက်ဆာကို အသုံးပြုတပ်ဆင်ပေးထားပြီး လည်ပတ်မှုစနစ် Android 7.0 ပါဝင်မည် ဖြစ်သည်။ ရုပ်ထွက်ပိုင်းအရည်အသွေးအတွက် Adreno 505 ကို ထည့်သွင်းပေးထားပြီး ပိုမိုကြည်လင်တောက်ပသော ရုပ်ထွက်အရည်အသွေးများခံစားနိုင်မည်ဖြစ်သည်။

RAM ပါဝင်မှုမှာ 3 GB ပါဝင်မှုတွင် သိုလှောင်သိမ်းဆည်းမှု 32 GB အမျိုးအစားနှင့် 4 GB RAM ပါဝင်မှုတွင် 64 GB သိုလှောင်သိမ်းဆည်းမှုဟူ၍ နှစ်မျိုးရှိနိုင်မည်ဖြစ်သည်။ ကျောဘက်ကင်မရာ 13 MP ပါဝင်ပြီး အရှေ့ဘက်ကင်မရာမှာ 16 MP ပါဝင်သောကြောင့် ကိုယ်တိုင် ရိုက်ကူးမှုဓာတ်ပုံများ အရည်အသွေးကောင်းမွန်လာမည်ဖြစ်ပြီး ပုံရိပ်ပြင်ဆင်မှုပိုင်းအတွက် နည်းပညာအသစ်များလည်းပါဝင်မည်ဖြစ်သည်။

ဘက်ထရီစနစ်အတွက် 3080 mAh ပမာဏပါဝင်သော ဘက်ထရီတပ်ဆင်ပေးထားပြီး ရရှိနိုင်သော အရောင်များမှာ Silver, Gold, Rose Gold ဟူ၍ သုံးမျိုးရှိနိုင်ပြီး ယူရိုငွေ ၁၄၀ ဝန်းကျင်တွင်ဝယ်ယူနိုင်မည်ဖြစ်သောကြောင့် ဈေးနှုန်းသင့်တင့်ကာ စွမ်းဆောင်မှုကောင်းမွန်သော စမတ်ဖုန်းတစ်မျိုးဖြစ်မည်ဟု သိရသည်။

ALEX

■

# အင်းဝမြို့ဟောင်း ဗားကရာကျောင်းရှိ အနုပညာလက်ရာမြောက် ပန်းပုများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အားထားလေ့လာ

**အင်းဝ သြဂုတ် ၂၃**

အင်းဝမြို့ဟောင်းဗားကရာကျောင်းရှိ အနုပညာလက်ရာမြောက် ပန်းပုများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အားထားလေ့လာကာ မှတ်တမ်းယူလေ့ရှိသည်။ အင်းဝ ဗားကရာကျောင်းမှာ စိတ်ဝင်စားဖွယ်ကောင်းသောသစ်သားကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ ဗားကရာဟူသောအမည်ကပင် အဓိပ္ပာယ်နှစ်မျိုးဖြင့် စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ဗားဟူသောအဓိပ္ပာယ်မှာ ကျောင်းဖြစ်ပြီး ကရာမှာ ခရေပင်ကိုဆိုလိုပြီး ဗားကရာကျောင်း၏အဓိပ္ပာယ်ကို ခရေပင်ကျောင်းဟု ဖွင့်ဆိုနိုင်သလို တစ်ဖက်တွင်လည်း ဗားဟူသည်မှာကျောင်းဖြစ်ပြီး ကရာမှာမြစ်ကမ်းပါးချောက်ကမ်းပါးရှိ တောတန်းကိုဆိုလိုပြီး ချောင်းကမ်းပါး၊ မြစ်ကမ်းပါးအနီးရှိ တောတန်းကျောင်းဟုပင် ဖွင့်ဆိုနိုင်ကြောင်းသိရသည်။



ဗားကရာကျောင်းဇေတဝန်ဆောင်မကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် လက်ရာမြောက်ပန်းပုရုပ်တုများက လာရောက်သူအားလုံးကို ဆွဲဆောင်လျက်ရှိသည်။ ဥကင်မုခ်တံခါး၊ နယားရုပ်၊ နဂါးဖမ်းထားဟန် ဂဠုန်ရုပ်၊ ခြသေ့်ဘီလူးရုပ်၊ လူပျံရုပ်၊ အောင်းရုပ်၊ ကိန္နရာရုပ်၊ ကျေးငှက်ကလေးများပန်းလာလျှုဟန်ပန်းပုရုပ်များနှင့် အခြားပန်းပုရုပ်များမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ဗားကရာကျောင်းရှိ ရှေးဟောင်းပန်းပုလက်ရာများကို ပြည်တွင်းပညာရှင်များကလည်း လေ့လာမှတ်တမ်းပြုထားကြသည်။ ပညာရှင်များ၏ မှတ်တမ်းများအရ ဗားကရာကျောင်းတွင်အလှဆင်ထားသော ခြသေ့်ဘီးလူးရုပ်မှာ အင်းဝခေတ်(ညောင်ရမ်းခေတ်)လက်ရာဖြစ်ပြီး နဂါးဖမ်းဂဠုန်ရုပ်လက်ရာမှာ အမရပူရခေတ်(ကုန်းဘောင်ခေတ်လယ်)လက်ရာများဖြစ်သည်ဟု ဆိုထားသည်။ လူပျံရုပ်များကိုမူ ရတနာပုံခေတ်လက်ရာများဟုယူဆနိုင်ကြောင်း လေ့လာသုံးသပ်ထားသည်။

ပညာရှင်များ၏ လေ့လာသုံးသပ်မှုများအရ ဗားကရာကျောင်းတော်ကြီးမှာ ခေတ်အဆက်ဆက်ပြုပြင်ထိန်းသိမ်းမှုများကို ပြုလုပ်ခဲ့သည့်အတွက် စံထားလောက်သည့် မြန်မာပန်းပုလက်ရာများစွာ တစုတစည်းတည်း လေ့လာနိုင်သော ကျောင်းတော်ကြီးပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သစ်သားကျောင်းတော်များတွင် ဗားကရာကျောင်းတော်ကြီး၏ ဗိသုကာလက်ရာများမှာ ခေတ်အစောဆုံး လက်ရာများအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေကြောင်းသိရသည်။

**တိမ်တမန်**

# အသက်မွေးဝမ်းကျောင်းပညာသင်တန်း ထားဝယ်မြို့၌ဖွင့်လှစ်

**ထားဝယ် သြဂုတ် ၂၃**

အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ကောင်းမွန်စွာ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရေး၊ မိမိဘဝကိုထိန်းကျောင်းနိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် ထိုင်းနိုင်ငံ ကန်ချနာဘူရီမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းအခမ်းအနားကို သြဂုတ် ၂၂ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက နှစ်နိုင်ငံချစ်ချစ်ခင်ခင်အခုလို အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျင်းပပေးသည့်အတွက် ပီတိဖြစ်ရပါကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း စိတ်ပါဝင်စားစွာ သင်တန်းပြီးဆုံးသည်အထိ သင်ကြားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ကန်ချနာဘူရီမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ Mr.Chat Chai Poochan က သင်တန်းနှင့်ပတ်သက်သော အချက်အလက်များကိုဆွေးနွေးပြောကြားပြီး ကန်ချနာဘူရီမြို့ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr.Cham Nean Khaw Chan သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ထိုင်းနိုင်ငံ ကန်ချနာဘူရီမြို့မှ တာဝန်ရှိသူများက မုန့်ဖုတ်နည်းပညာတွင် သင်တန်းသား ၄၀၊ လျှပ်စစ်ပြုပြင်တွင် သင်တန်းသား ၄၀၊ ဆိုင်ကယ်ပြင်တွင် သင်တန်းသား ၄၀ အား သြဂုတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ကျွန်တော်ပြည်သူ့ကိုယ်စားလှယ်





ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အဓိကတာဝန်များကတော့ မိမိရဲ့ မဲဆန္ဒနယ်ကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း တို့ဖြစ်ကြောင်း စာရေးဆရာမောင်ဖြူ (RID)ရေးသားသော ကျွန်တော်ပြည်သူ့ကိုယ်စားလှယ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူလွှတ်တော်ကိုယ်စားလှယ်ဘဝတွင်အဆိုပါ တာဝန်သုံးရပ်ကို ထမ်းဆောင်ခဲ့မှုကိုတင်ပြထားသည့်အပြင် ဒီမိုကရေစီစနစ်နှင့် သွားမည်ဆိုလျှင် ပြည်သူကရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနှင့်ရော ပြည်သူများအနေနှင့်ပါ သိသင့်သိအပ်တာတွေကို ကြိုးပမ်းရေးသားထားသည်။ အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးယှဉ်လာရင် ဘာကိုဦးစားပေးမလဲ၊ စစ်အစိုးရလက်ထက်က ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေကို ပြန်လည်စိစစ်တော့မှာလား၊ ကင်ဆာရောဂါဖြစ်စေတဲ့အတွက် ပိတ်သိမ်းထားတဲ့ ထိုင်းရေနံဓာတုစက်ရုံဟောင်းကို ထားဝယ်စီးပွားရေးဇုန်မှာ လာတည်တော့မှာလား၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွေ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးတွေကျတော့မှာလား စသည့်အကြောင်းအရာများကို စုစည်းရေးသားထားသည်။

**စာအုပ်ကို အမှတ် - ၂၄၊ သစ္စာဥယျာဉ်ရိပ်သာ၊ အမှတ်(၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၅၆၀၃၀၅ မှ တန်ဖိုးငွေ ကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။**

## လူရည်ချွန် လူရည်မွန် 100 Letters and Essays




အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကျောင်းသားကျောင်းသူများအတွက် ဆရာမမြတ်နိုးအောင်စီစဉ်သည့် လူရည်ချွန် လူရည်မွန် 100 Letters and Essays စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်အဓိကအပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမပိုင်းဖြစ်သော စာစီစာကုံးကဏ္ဍတွင် စာစီစာကုံးများကို မြန်မာလိုရောအင်္ဂလိပ်လိုပါ ရေးသားထားသည်။ အလယ်တန်းနှင့်အထက်တန်းအဆင့်တွင် အမေးများသောအင်္ဂလိပ်စာစီစာကုံးများကို ဖော်ပြပေးထားသောကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် လေ့လာရာတွင် ပိုမိုလွယ်ကူနိုင်မည်ဖြစ်သည်။ ပေးစာများကိုရေးသားရာတွင်လည်း ကျောင်းသားကျောင်းသူများလွယ်ကူစေရန် ခက်ခဲသောအသုံးအနှုန်းများကို အောက်တွင် ဝေါဟာရအဓိပ္ပာယ်များကိုပါ ဖွင့်ဆိုပေးထားသည်။ မွေးနေ့ဖိတ်ကြားခြင်း၊ ကျေးဇူးတင်ကြောင်း ပြောကြားခြင်း၊ သင်တန်းများတက်ရောက်ရန်ဖိတ်ခေါ်ခြင်းစသည့်အကြောင်းအရာများကို ရေးသားထားသောကြောင့် အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူများ ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို လင်းထိန်စာပေ၊ အမှတ် - ၂၃၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၈၄၄၄၄၀၁၆နှင့် ၀၉၄၂၀၁၃၇၄၉၂တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့်ဖြန့်ချိသည်။**

## ဘွဲ့ရလုပ်ငန်းခွင်ဝင် အင်္ဂလိပ်စာ အင်တာဗျူးလေ့ကျင့်မှုနှင့် မှတ်စရာ ဖတ်စရာများ




လူငယ်မောင်မယ်များ ကျောင်းပညာပြီးစီးသည်နှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အင်္ဂလိပ်စကားပြောစွမ်းရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ စာရေးဆရာ ထိန်လင်းရေးသားသော ဘွဲ့ရလုပ်ငန်းခွင်ဝင် အင်္ဂလိပ်စာအင်တာဗျူးလေ့ကျင့်မှုနှင့် မှတ်စရာ ဖတ်စရာများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူငယ်မောင်မယ်များ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြောဆိုတတ်စေရန်၊ အင်တာဗျူးဖြေဆိုချိန်တွင်ကြားဖြတ်စကားဆက်များနှင့် အသုံးအနှုန်းများကိုထည့်သွင်းထားသည့်အတွက် လုပ်ငန်းခွင်တွင်ဝင်ရောက်နေသည့် မောင်မယ်များအတွက် ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။ မည်သည့်လုပ်ငန်းခွင်တွင်မဆို အင်တာဗျူးဖြေဆိုရာတွင် လွယ်ကူစေရန် လုပ်ငန်းခွင်တိုင်းအတွက် ဖြေဆိုမှုပုံစံများနှင့် စကားပြောများကို ထည့်သွင်းထားသောကြောင့် လုပ်ငန်းခွင်အတွင်းတာဝန်ထမ်းဆောင်နေသည့် လူငယ်မောင်မယ်များအတွက် ဆောင်ထားသင့်သောစာအုပ် တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို လင်းထိန်စာပေ၊ အမှတ် - ၂၃၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၈၄၄၄၄၀၁၆နှင့် ၀၉ - ၄၄၃၁၀၀၂၇၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

## မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ရှေးဟောင်းဘုရားများသမိုင်း





စာရေးဆရာ ရွှေရိုးရေးသားပြုစုသည့် မန္တလေးမြို့ပေါ်ရှိ ရှေးဟောင်း တန်ခိုးကြီးဘုရားများသမိုင်း စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် ရှေးမြန်မာမင်းလက်ထက်ကတည်းက နိုင်ငံ၏ မြို့တော်အဖြစ်တည်ရှိခဲ့သော မန္တလေးမြို့မှ ထင်ရှားကျော်ကြားသော ရှေးဟောင်းတန်ခိုးကြီးဘုရားများသမိုင်းကို ဆရာရွှေရိုးက ရှာဖွေပြုစု ရေးသားတင်ပြထားသည်။ စာအုပ်တွင် မဟာမုနိဘုရားကြီးမှစ၍ အာနန္ဒာဘုရား၊ ရှင်မာလဲဘုရား၊ ရှင်ပင်ပက်လက်ဘုရား၊ ရှင်ဘို့မယ်ဘုရား၊ သကျသီဟဘုရား၊ အိမ်တော်ရာဘုရား၊ ချမ်းသာရဘုရား၊ ချင်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရားစသည့် ဘုရားစေတီပေါင်း ၂၅ ဆူတို့ကို ဘုရားသမိုင်းအကျဉ်းနှင့်ဓာတ်ပုံများနှင့်တကွ တင်ပြထားသည်။

**အဆိုပါစာအုပ်ကို ရွှေရိုး(မန္တလေး)စာအုပ်တိုက်၊ အမှတ်(၁၉)၊ ညည/၂၊ လမ်းသွယ်(၂)၊ (င)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့က တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

## လူငယ်နှင့်...အနာဂတ်ဘဝမြှင့်တင်ရေးဆောင်းပါးများ





လူငယ်များသည်မိမိတို့ဖြတ်သန်းနေသောခရီးတစ်လျှောက်တွင်တွေ့ကြုံနေရသော ဘဝတန်ဖိုးကိုပိုမိုမြတ်နိုးမိ၊ လေးစားမိစေရန် စာရေးဆရာ မောင်မိုးယံရေးသားသောလူငယ်နှင့်. . . အနာဂတ်ဘဝမြှင့်တင်ရေး စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ်လူငယ်များ ပညာသင်ကြားရာတွင် အဆင့်မြင့်ပညာများကိုသင်ကြားခွင့်ရှိလာသည်နှင့်မျှ Civic Knowledge နိုင်ငံရေးဗဟုသုတတွေကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာခွင့်များရရှိနေပြီဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် စာသင်ခန်းအခြေပြုနည်းလမ်းပဲဖြစ်ဖြစ်၊ လူထုပညာပေးနည်းလမ်းပဲဖြစ်ဖြစ်၊ ဘယ်လိုပုံသဏ္ဌာန်နှင့်သုံးသုံး လူငယ်များအနေဖြင့် ခေတ်စနစ်နှင့်လျော်ညီစွာ နိုင်ငံသားများတွင်ရှိရမည့်အရည်အချင်းများ၊ အတွေးအခေါ်ပြုမူဆောင်ရွက်မှုများ၊ ကျွမ်းကျင်မှုများရှိလာဖို့အတွက် မိမိကိုယ်မိမိ တန်ဖိုးထားသော Civic Virtue ကို မွေးမြူကြဖို့လိုကြောင်း ထိုစာအုပ်တွင် ရေးသားထားသည်။ ထို့ကြောင့် လူငယ်များဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုမောင်မိုးယံစာပေ၊ အမှတ် - ၇၉(A)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၀၀၈၆၆၃နှင့် ၀၁ - ၅၄၈၈၀၄တို့မှတန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## လူတိုင်းကျန်းမာအာယုဗ္ဗေဒဆေးပညာ(ဒုတိယအကြိမ်)




လူသားတို့၏အသက်ရှည်ရာအနာကင်းရေးကို နှောင့်ယှက်ခြောက်လှန့်နေသော၊ ဖျက်ဆီးနေသော ရောဂါများသည်လည်းခေတ်နှင့်အပြိုင်လိုက်၍ ဆန်းဆန်းပြားပြား ဖြစ်ပွားပေါ်ပေါက်လျက်ရှိသည်ကို စာရေးဆရာ ဆရာမြင့် (စကြာမင်း) ရေးသားသော လူတိုင်းကျန်းမာ အာယုဗ္ဗေဒဆေးပညာ စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ်ကြီးသည်အဘက်ဘက်မှရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ နည်းပညာရပ်ပိုင်းဆိုင်ရာများသည် အံ့မခန်းဖွံ့ဖြိုးတိုးတက်နေသောခေတ်မီကမ္ဘာကြီးတွင်လူတိုင်းလူတိုင်းကျန်းမာ၍ အသက်ရှည်ရေးအတွက် အထောက်အကူဖြစ်စေသော ကျန်းမာရေးအသိအမြင်များဖြစ်သည့် အစားအသောက်၊ အနေအထိုင်၊ အပြုအမူအကျင့်အကြံများနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးနှင့် မိသားစုကျန်းမာရေးအတွက်၌လူတိုင်းကျန်းမာ အာယုဗ္ဗေဒဆေးပညာဟူသော ဆေးပညာစာအုပ်သည် မိသားစုသမားတော်တစ်ဦးအိမ်တွင်ရှိနေသကဲ့သို့ အကျိုးကျေးဇူးများကိုရရှိနိုင်အောင်အထောက်အကူပြုနိုင်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မြင့်မြတ်စာပေ၊ အမှတ် - ၆၆၆၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၉၆၉၁၀၉၁နှင့် ၀၉ - ၇၃၁၉၇၅၂၄ တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့်ဖြန့်ချိသည်။**

## အကောင်းဆုံးအင်္ဂလိပ်စကားပြော




အင်္ဂလိပ်စကားပြောကိုလေ့လာလိုက်စားလိုသူများအတွက် အလွယ်တကူလေ့လာနိုင်စေရန်ရည်ရွယ်၍စာရေးဆရာဟိန်းလတ်ရေးသားသော အကောင်းဆုံးအင်္ဂလိပ်စကားပြောစာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်စကားပြောစာအုပ်များ များပြားစွာထွက်ရှိပြီးဖြစ်သော်လည်း သူ့နည်းသူ့ဟန်၊ သူ့ပေတံနဲ့တော့ ကောင်းတာချည်းသာဖြစ်သည်ဟုဆိုရပေမည်။ ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတွေမှာ ပညာသင်ကြားခဲ့၊ လေ့လာခဲ့သော အတွေ့အကြုံများကိုရင်းနှီးပြီး အနှစ်ထုတ်ထားသောစာအုပ်ဖြစ် သည်။အဆိုပါစာအုပ်တွင် အင်္ဂလိပ်စကားပြောနည်းပုံစံမျိုးစုံကို အလဲလဲအလှယ်လှယ်သုံးပြီး ခေတ်မီစကားပြောနည်း၊ ပုံသေကားကျပြောကြရမည့် စကားပြောပုံစံတွေကို အကန့်လိုက် အခန်းလိုက်ခွဲပြီး အပြန် အလှန်စကားပြောပုံစံ အမျိုးမျိုးကိုဥပမာများဖြင့်တင်ပြခြင်း၊ အင်္ဂလိပ်စကားပြောစကားစုတွေချည်းသက်သက်ကို A မှ Z အထိ အစုံအလင်စုစည်းထားခြင်းနှင့်ပညာကုန်ဖြန့်ဝေပေးလိုက်ခြင်းဖြစ်သည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ် - ဝဲ၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိသည်။**

## အမေရိက ရောက်တတ်ရာရာ စာစုများ




စာရေးသူကြိုင်လျှမ်း၏ အမေရိက ရောက်တတ်ရာရာစာစုများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာစုများမှာ ကမ္ဘာ့အရေး၊ မြန်မာ့အရေးမှအစ တိုးတက်သော ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် မြန်မာအိုင်ဒေါမှသည် မအေးသောင်းအဆုံး သုတရသစုံလင်သည့် အနုပညာပန်းတစ်ခင်း ရောက်တတ်ရာရာ အတွေးအမြင် စာစုများဖြစ်သည်။

ယင်းစာအုပ်တွင် ကျွန်တော့်ချစ်သူ ကြည်ဖြူခဲ့သည့် ဒုတိယလက်တွဲဖော် လေးဖြူ၊ ကလျာဏမိတ်ကောင်းရှိခြင်းသည် မင်္ဂလာတစ်ပါး၊ နှလုံးသားကို အလှဆင်ပါ၊ အစားအသောက်ဘေးကင်းရေးနှင့် အမ်မလီ၊ ရယ်လီ စတိုးနှင့် ယန်းကီးမြေမှ သူခိုး၊ တကယ်တော့ ဆူရှိသမားများဟာ လောပန်းလောင်းတွေပါ၊ မြန်မာအိုင်ဒေါ ဆီဇန်တူးနှင့်နှစ်လေးဆယ်အတိတ်သို့ အလွမ်း၊ မအေးသောင်းနဲ့ ညပေါင်းများစွာ၊ မွေးဌာနေအပြန်ခရီး သို့မဟုတ် ရှဲရှဲနီချိုင်းနားအဲ စသည့် စာစု ၃၇ ပုဒ်ပါရှိသည်။

**ယင်းစာအုပ်ကို စိတ်ကူးချိုချို စာအုပ်တိုက်မှ တစ်အုပ်လျှင် ငွေကျပ်သုံးထောင်ဖြင့် ထုတ်ဝေဖြန့်ချိ ထားသည်။**

# ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း





၁၉–၈–၂၀၁၇ (စနေနေ့) **Sedona Hotel** တွင်ကျင်းပပြုလုပ်ခဲ့သော
ဒေါက်တာသက်သက်ခိုင်၏ ရွှေရတုမွေးနေ့အထိမ်းအမှတ်အလှူတော်မင်္ဂလာတွင် ကြွရောက်၍တရားတော်များကိုချီးမြှင့်ပေးပါသော
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာနမှူးဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒ
တို့အားရှိသေလေးစားရှိခိုးဦးတင်ကျေးဇူးတင်ရှိပါသည်။
မင်းကွန်းတိပိဋကကျောင်းတိုက်ကြီးတွင်နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နဝကမ္မဝတ္ထုငွေလှူဒါန်းခြင်းအစမ်းအနားသို့
ကြွရောက်ချီးမြှင့်ပေးပါသော သမိဒ္ဓေါဒယသုစိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းစမ်းချောင်း၊
စမ္ပဝါဒီ(သီ)စာသင်တိုက်အင်းစိန်၊ ချမ်းမြေ့ဂုဏ်ဝေသီလရှင်စာသင်တိုက်မရမ်းကုန်း၊ သာသနောဒယ(ပြည်)စာသင်တိုက် မရမ်းကုန်း၊
မဏိရတနာ သီလရှင်စာသင်တိုက်၊ ရွှေမြိုင်သီရိ(သီ)စာသင်တိုက် မြောက်ဥက္ကလာ၊ သမိဒ္ဓေါဒယမော်လမြိုင်ကျောင်း
သက္ကနိမ္မိတာရုံ(သီ)စာသင်တိုက်ဗဟန်း၊ သမိဒ္ဓေါဒယသုခကာမီ (သီ)စာသင်တိုက်၊ အသောကာရာမ(သီ)စာသင်တိုက်ပုလဲမြို့သစ်မင်္ဂလာဒုံမှ
သီလရှင်အပါး(၁၁၀၀)တို့အား ရှိသေလေးစားရှိခိုးဦးတင်ကျေးဇူးတင်ရှိပါသည်။
ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး တရားဟောခြင်းကိစ္စကို သက်သောင့်သက်သာဆောင်ရွက်နိုင်စေရန်အတွက် ပြင်ဦးလွင်–ရန်ကုန်၊
ရန်ကုန်–ပြင်ဦးလွင် နေ့ချင်းပြန်လေယာဉ်ခရီးစဉ်ကူညီစီစဉ်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနနှင့်တပ်မတော်(လေ)မှ
တာဝန်ရှိသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။
မွေးနေ့ပွဲသို့နေပြည်တော်မှ တကူးတကကြွရောက်ချီးမြှင့်ပေးသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊
တပ်မတော်သားကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တိုင်းနှင့်ပြည်နယ်အသီးသီးမှ
လွှတ်တော်ကိုယ်စားလှယ်များ၊ ဒဂုံမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်(**UMFCCI**) ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်(**UMFGJE**) မြန်မာ့အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (**MWEA**)၊
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်များနှင့်
စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခဆရာကြီးဆရာမကြီးများနှင့် သူငယ်ချင်းများ၊ စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်ကြီးများ၊
လူမှုကယ်ဆယ်ရေးအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဖိဝိတဒါနသံဃဆေးရုံ ရှင်သန်ရေးကူညီမှုအသင်း၊ မိုးကုတ်မြို့နယ်အသင်းနှင့်
အနောက်ပိုင်းကျပ်ပြင်ဆေးရုံဖြစ်မြောက်ရေးကော်မတီ၊ ဒေးဒရဲမြို့နယ်ဘိုးဘွားရိပ်သာ၊ တောင်ကုတ်မြို့နယ်ဝပြည့်ကျေးရွာမူလတန်းကျောင်း၊
မြန်မာ့အနန္တမေတ္တာဖောင်ဒေးရှင်း၊ လေးကျွန်းသူအဖွဲ့ ဝိသာခါဖောင်ဒေးရှင်း၊ အားငါးပါးအဖွဲ့ **Happy Friday** အဖွဲ့
**Sule Shangri-la**အဖွဲ့ အ ထ က (၁)ဒဂုံ၊ **MBA** နှင့် **CFA Class** မှသူငယ်ချင်းများ၊မေတ္တာဖြင့်ကူညီပေးသော **MRTV-4**၊
**Zar Ni LED** မှကိုသူရနှင့်ဇနီး၊ ဒဂုံပုံနှိပ်တိုက်၊ **Eternal Flower**၊ ပစ်တိုင်းထောင်နှင့် ကိုမင်းသူ(ဖန်တီးရှင်/အခမ်းအနားပြင်)စသည့်
ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလုံးကိုကျေးဇူးတင်ရှိပါကြောင်းနှင့်
အဆင်မပြေမှုများရှိပါက မေတ္တာရှေ့ထား၍ခွင့်လွှတ်နားလည်ပေးပါရန် တောင်းပန်အပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ ဒေါက်တာသက်သက်ခိုင်
သမီး သက်ရတနာကျော်ဝင်း
နိုင်ငံတကာအဆင့်မီရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ **Forever Gems by** ရွှေနန်းတော်၊
**Jewel Collection Manufacturing Co.,Ltd**၊ **United GP Development Co.,Ltd @ 68 Residence**



# School Bus စာသားပါရှိသည့် အဝါရောင်ဘယ်မောင်းယာဉ်များကိုသာ ကျောင်းကြိုပို့ယာဉ်အဖြစ် မှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုသွားမည်

**ရန်ကုန် ဩဂုတ် ၂၃**

ကျောင်းကြိုပို့ယာဉ်များအဖြစ် ပြေးဆွဲနိုင်သည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်စည်းကမ်းချက်များကို ထုတ်ပြန်လိုက်ပြီး အဆိုပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ကျောင်းကြိုပို့ယာဉ်အဖြစ် ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးက ဩဂုတ် ၂၂ ရက်တွင် ကြေးမုံသို့ ပြောကြားခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# မြန်မာအမျိုးသား ဟော်ကီအသင်း စင်ကာပူအသင်းနှင့် သရေကျ



မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

ဆီးဂိမ်းအမျိုးသားဟော်ကီပြိုင်ပွဲအုပ်စုတတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဘူကစ်ဂျာလီ Sport Complex ရှိ အမျိုးသား ဟော်ကီကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

အဖွင့်ပွဲ၌ အနိုင်ရထားသည့် မြန်မာဟော်ကီအသင်းသည် နိုင်ပွဲဆက်ရေး ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ မထိန်းနိုင်၍ သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲတွင် ထိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားပြီး နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ယနေ့တွင် ပွဲစဉ်မရှိဘဲ နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသားဟော်ကီအသင်းမှာမူ ဩဂုတ် ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**



ဆီးဂိမ်း ကရာတေးဒို(ကုမိတဲ့)ပြိုင်ပွဲ တတိယလုပွဲစဉ်တွင် မြန်မာမှ မေသူချို အရှေ့တီမောကစားသမားကို အနိုင်ရရှိခဲ့ပြီး ကြေးတံဆိပ် ရရှိခဲ့သည်။ (အား/ကာ)

# ဘိလိယက်နှင့်စနူကာပြိုင်ပွဲ၌ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

ဆီးဂိမ်း ဘိလိယက်ပြိုင်ပွဲ၏ နှစ်ယောက်တွဲပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် ကွာလာလမ်ပူကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲမှာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်း အတွဲသည် ထိုင်းနိုင်ငံမှ ပရာပွတ်နှင့် သာဝပ်အတွဲနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးပွဲ-နှစ်ပွဲဖြင့် အရေးနိမ့်ခဲ့ရသည်။ ပရာပွတ်ဦးဆောင်သည့် ထိုင်းအတွဲသည် ပထမပွဲတွင် (၁၀၀-၀)မှတ်၊ ဒုတိယပွဲတွင် (၁၀၀-၇၀)မှတ်ဖြင့် အနိုင်ရခဲ့သည်။ ပထမနှစ်ပွဲတွင် ပုံမှန်လက်စွမ်းမရဖြစ်နေသည့် အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲသည် တတိယပွဲတွင် (၁၀၂-၂၁)မှတ်၊ (၁၀၀-၈၀)မှတ်ဖြင့် နှစ်ပွဲဆက် ပြန်နိုင်ခဲ့သောကြောင့်

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ●**



ငွေတံဆိပ်ရခဲ့သည့် မြန်မာမှ အောင်ဌေးနှင့်မင်းစည်သူထွန်းအတွဲ။

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၅၀ | ၃၇ | ၃၂ | ၁၁၉ |
| ၂ | စင်ကာပူ | ၂၇ | ၂၃ | ၂၄ | ၇၄ |
| ၃ | ဗီယက်နမ် | ၂၇ | ၁၉ | ၂၄ | ၇၀ |
| ၄ | ထိုင်း | ၁၇ | ၃၀ | ၃၄ | ၈၁ |
| ၅ | အင်ဒိုနီးရှား | ၁၅ | ၁၇ | ၃၂ | ၆၄ |
| ၆ | ဖိလစ်ပိုင် | ၁၀ | ၁၅ | ၂၀ | ၄၅ |
| ၇ | မြန်မာ | ၄ | ၅ | ၈ | ၁၇ |
| ၈ | ဘရူနိုင်း | ၀ | ၁ | ၅ | ၆ |
| ၉ | လာအို | ၀ | ၁ | ၁ | ၂ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**အောင်ကျော်ဝင်း**

Established in 1958
ကြံနွှဲရီ®
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်
ပင်ရင်း - ကြံနွှဲရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄-၂၀၅၀၁၃၁ ရန်ကုန်ဖြန့်ချိရေး - ၀၁-၅၂၆၂၂၈